# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 3 April 2023 ၁၁၀၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မုံရွာမြို့ ကန်သာယာသင်္ကြန်တွင် လမ်းလျှောက်သင်္ကြန် ထည့်သွင်းကျင်းပမည်

မုံရွာ ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ယခုနှစ် မုံရွာမြို့ ကန်သာယာသင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ကျင်းပရေးကော်မတီဝင် ဦးမြင့်နိုင်စိုးထံမှ သိရသည်။

"အရင်နှစ်သင်္ကြန်မှာ မပါခဲ့တဲ့ လမ်းလျှောက်သင်္ကြန်ကို ပြည်သူတွေ ပျော်ရွှင်စွာရေကစားနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ လမ်းလျှောက်သင်္ကြန်ကို ကန်သာယာ ဗိုလ်ချုပ်လမ်းတစ်လျှောက်မှာ ကျင်းပဖို့စီစဉ်နေပါတယ်။ ရောင်စုံထီးလေးတွေနဲ့ လမ်းတစ်လျှောက် အလှဆင်သွားမှာပါ။ လာရောက်ရေကစားသူတွေအတွက် စတုဒိသာမဏ္ဍပ် ငါးခု စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



## ကျောက်ဆည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ဧက တစ်သောင်းကျော် စိုက်ပျိုးပြီး

ကျောက်ဆည် ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ၁၁၇၅၆ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများ အဓိက စိုက်ပျိုးပြီး ဝါတစ်ဧက စိုက်ပျိုးမည်ဆိုပါက မြေပြင်ခြင်းအတွက် ငွေကျပ် ၁၉၅၀၀၀၊ စိုက်ပျိုးပြုစုခြင်းအတွက် ငွေကျပ် ၂၀၁၆၀၀၊ သွင်းအားစုများအတွက် ငွေကျပ် ၄၅၀၅၀၀ စုစုပေါင်း ငွေကျပ် ၈၄၇၁၀၀ ဝန်းကျင် ကုန်ကျစရိတ်ရှိကြောင်းနှင့် ဝါသီးနှံများ အောင်မြင်ရေး စာမျက်နှာ ၃ ကော်လံ ၄ သို့ ◯

**ယနေ့ ဖတ်စရာ**


**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၅၄၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၄

**ပြည်သူရှေးရှု ပြည်သူ့အကျိုးပြု ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအမျိုးသား ရှာဖွေကယ်ဆယ်ရေးကော်မတီ**



ဆောင်းပါး စာမျက်နှာ » ၆

**လူတိုင်းအသိသတိဖြင့် မျက်စိရောဂါကာကွယ်ပါ**

ဆောင်းပါး စာမျက်နှာ » ၁၀

**မြောက်ဝင်ရိုးစွန်းဒေသရှိ ပြည်သူများ ၂၀၂၆ ခုနှစ်တွင် အင်တာနက် သုံးစွဲခွင့်ရရှိမည်**



စာမျက်နှာ » ၁၃

ကြေးမုံ

# "ဂါရဝေါ စ၊ နိဝါတော စ" မင်္ဂလာတရားနှင့်အညီ

မြတ်စွာဘုရားရှင်သည် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်စေသည့် ကောင်းမြတ်မှန်ကန်သော မင်္ဂလာတရား (၃၈)ပါးကို ဟောကြားတော်မူခဲ့သည်။ (၃၈)ဖြာမင်္ဂလာတရားတော်တွင် "ပူဇာ စ ပူဇနေယျာနံ" ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ "ဂါရဝေါ စ" ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊ "နိဝါတော စ" မာန်မာန မရှိခြင်းဟူသည့် မင်္ဂလာတရားကို ကျင့်သုံးသောသူတို့သည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာကောင်းကျိုးများကို တိုးပွားဖြစ်ထွန်းစေသည်။

"ပူဇာ စ ပူဇနေယျာနံ" ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းဆိုရာ၌ ပူဇော်ထိုက်သော ရတနာသုံးပါး၊ မိဘ၊ ဆရာသမားနှင့် မိမိထက် အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများသည် ပူဇော်ထိုက်သောသူများဖြစ်သည်။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကို ပူဇော်ခြင်းမှာ ဆိုဖွယ်ရာမရှိပြီ။ အသက်၊ ဂုဏ်၊ သိက္ခာကြီးမြင့်သောသူတို့ကို ရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကဲ့သို့ သဘောထားခြင်းဖြစ်သည်။ ပူဇော်ရာတွင် "အာမိသပူဇာ" ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ခြင်း၊ "ဓမ္မပူဇာ" အကျင့်တရားဖြင့် ပူဇော်ခြင်းတစ်မျိုးမျိုးဖြင့် ပူဇော်ခြင်းသည် မင်္ဂလာတရားမည်ပါသည်။ "ဂါရဝေါစ" ရိုသေထိုက်သူတို့ကို ရိုသေခြင်းဆိုရာ၌ ရိုသေခြင်းဟူသည် လေးလေးစားစား အမြတ်တနိုးပြုမူဆောင်ရွက်ခြင်း၊ အလေးထားဂရုစိုက်ခြင်းဖြစ်သည်။

အလေးထားလေးစားထိုက်သူတို့မှာ ရဟန်းသံဃာများ၊ ဆရာ၊ မိဘ၊ ဘိုးဘွား၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အရီး၊ အစ်ကို၊ အစ်မတို့နှင့် မိမိတို့ထက် အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များကို အာမိသပူဇာ၊ ဓမ္မပူဇာတို့အပြင် ထိုပုဂ္ဂိုလ်များကိုတွေ့လျှင် လမ်းရှောင်ပေးခြင်း၊ ကား၊ ရထားစသည်တို့၌ မိမိနေရာကို ဖယ်ပေးခြင်း၊ ထိုသူတို့အနီးမှ ဖြတ်သွားလျှင် ခပ်ယို့ယို့ကုန်း၍သွားခြင်း၊ လက်နှစ်ဖက်ဖြင့် လေးလေးစားစား ပေးခြင်း၊ ယူခြင်း၊ ထိုသူတို့၏အထက် အမြင့်နေရာ၌ မထိုင်ခြင်းသည် ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်းဖြစ်သည်။ ထိုသို့ရိုသေလေးစားခြင်းသည် မင်္ဂလာမည်ပါပေသည်။ "နိဝါတော စ" မာန်မာန မရှိရခြင်းဆိုသည်မှာ ရိုသေလေးစားသော အမူအရာရှိရုံမျှသာ မဟုတ်သေးဘဲ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးကို နှိမ့်ချထားခြင်းဖြစ်၍ မင်္ဂလာတရားမည်ပါပေသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အဆိုပါမင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံပွားများလုပ်ဆောင်နေသည်ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ အခြားသူတို့ကလည်း ထိုသို့ပင် ကျင့်ကြံလုပ်ဆောင်နေကြသည်ကို မြင်တွေ့ရသဖြင့် လောကလူသား ကောင်းကျိုးချမ်းသာများတိုးပွားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မြတ်စွာဘုရားရှင် ဟောကြားထားတော်မူသော မင်္ဂလာတရားတော်နှင့် အစဉ်အဆက် လိုက်နာကျင့်သုံးလာခဲ့သည့်နိုင်ငံဖြစ်သည်။ လက်ရှိကာလတွင် မင်္ဂလာတရားတော်နှင့်မညီသည့် လောကအကျင့်တရားများ ခေါင်းပါးလာသောအခါတွင် ထိုကဲ့သို့ ကောင်းမြတ်သော မင်္ဂလာအစဉ်အလာများကို ရှေ့ဆောင်လမ်းပြပြုလုပ်ကြသဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနိုင်ငံဖြစ်လာပေလိမ့်မည်။

(၃၈)ဖြာ မင်္ဂလာတရားတို့ကို ပြုကျင့်လိုက်နာသူတို့သည် အရာရာ ရန်ဟူသမျှတို့ကို အရှုံးမရှိ အနိုင်ရ၍ မည်သည့်အရပ်တွင်မဆို ချမ်းသာသုခအမျိုးမျိုးတို့ကို ရရှိပိုင်ဆိုင်နိုင်သည်။ မင်္ဂလာတရား (၃၈)ပါးတို့ကို လိုက်နာကျင့်ကြံသူတို့အတွက် ကြီးပွားချမ်းသာကြောင်းဖြစ်၍ မင်္ဂလာတရားတော်များနှင့်အညီ ကျင့်ကြံလိုက်နာနေထိုင်ကြရမည်ဖြစ်သည်။ မင်္ဂလာတရားတော်များကို လိုက်နာကျင့်သုံးခြင်းသည် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်စေပြီး မင်္ဂလာတရားများကိုမကျင့်သုံးပါက ဆုတ်ယုတ်ပျက်စီးသော အကြောင်းတရားများဖြစ်စေသည်။ ဆုတ်ယုတ်ပျက်စီးစေသော အကြောင်းတရား ၁၂ ပါးတွင် ဒုစရိုက် ၁၀ ပါးကိုပြုကျင့်ခြင်း၊ သူယုတ်မာတို့နှင့်ပေါင်းသင်းဆက်ဆံခြင်း၊ ယုတ်မာသောတရားနှင့်အယူဝါဒများကို နှစ်သက်ကျင့်သုံးခြင်းကိုဖြစ်စေသဖြင့် ဆုတ်ယုတ်ပျက်စီးခြင်းအကြောင်းများ ဖြစ်စေသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က မင်္ဂလာတရားနှင့်ပတ်သက်၍ လူတို့၌ သုံးအုပ်စုကွဲပြားကာ အငြင်းပွားကြကုန်ရာ နောက်ဆုံးတွင် နတ်သားတစ်ပါးက မြတ်စွာဘုရားရှင်ထံရောက်ရှိပြီး ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားကို ဟောကြားပေးပါရန် တောင်းပန်သဖြင့် မြတ်စွာဘုရားရှင်သည် (၃၈)ဖြာ မင်္ဂလသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ ကြီးပွားချမ်းသာရေး တရားတော်များကို ခြုံငုံသုံးသပ်ကြည့်လျှင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေးစသည့် အမျိုးဘာသာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များအားလုံးပါဝင်နေသည်။ ဤ(၃၈)ဖြာသော ကြီးပွားချမ်းသာရေး မင်္ဂလာတရားတော်တို့သည် လူမျိုးဘာသာမရွေး ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာကျင့်သုံးအပ်သော နည်းလမ်းများဖြစ်သည်။

သို့ဖြစ်ရာ လောကလူသားများ ကောင်းကျိုးချမ်းသာတို့ကိုဖြစ်စေနိုင်သည့် "ပူဇာ စ ပူဇနေယျာနံ" "ဂါရဝေါ စ၊ နိဝါတော စ" အပါအဝင် (၃၈)ဖြာ မင်္ဂလာတရားတော်များနှင့်အညီ လိုက်နာကျင့်ကြံ ပွားများအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆင့်နေ့ ကျင်းပ

နေပြည်တော် ဧပြီ ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(ဆင့်နေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၄၄၆၄ ပါး/ဦး အနက် ၁၁၇၂၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၀၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပခန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝင်္ဂဘာကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပေါင်းလဲကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ရတနာသိင်္ဂီခရမ်းကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မသုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် တောမကျေးရွာ အောင်သိမ်တော်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများအား အောင်သိမ်တော်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃသမ္မုတိရ မြို့နယ်သံဃာ့ဝန်ဆောင်ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိဇမ္ဘနထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိ

**နေပြည်တော် မေ ၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ ဖိတ်ကြားချက်အရ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၁ ရက်မှ ၃ ရက်အထိ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့သည်။

**လက်မှတ်ရေးထိုး**

အဆိုပါ ခရီးစဉ်အတွင်း ယနေ့ ညနေပိုင်းတွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးတို့၏ ရှေ့မှောက်တွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်




မြန်မာ-တရုတ်(ယူနန်)စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများအတွက် လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။

နှင့် နားလည်မှုစာချွန်လွှာများဖြစ်သည့် ဆန်စပါးထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်၊ ဓာတ်မြေဩဇာထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ကျောက်ဖြူအနာဂတ် ရွှေ့လျားဆေးခန်း စီမံကိန်းသဘောတူညီချက်၊ မြန်မာနိုင်ငံမှ စိုက်ပျိုးကုန်များ တင်ပို့ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ တာပိန်(၁) ရေအားလျှပ်စစ်စခန်း သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မစ္စတာ ဝမ်နင် ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးများသည် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆဋ္ဌမနေ့ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၂**

တက္ကသိုလ်ဘောလုံးသမားများ၏ အောင်မြင်သော သမိုင်းအစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်ရန်၊ ကျောင်းသားများ၏ ဉာဏစွမ်းရည် သာမက ကာယစွမ်းရည်ကြံ့ခိုင်မှု၊ ကျန်းမာသန်စွမ်းမှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့ဖြင့် ပူပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိရန် ရည်ရွယ်၍ ကျင်းပလျက်ရှိသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဆဋ္ဌမနေ့ အုပ်စုပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ အုပ်စု(၁) ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်)ပွဲစဉ်ဖြစ်သည့် အသင်း(က) မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ၊ ဗန်းမော်)နှင့် အသင်း(ဂ) ကွန်ပျူတာက္ကသိုလ်(မကွေး၊ မိတ္ထီလာ)တို့ ယှဉ်ပြိုင်ကစားကြရာ အသင်း(ဂ) မှ အသင်း(က)ကို လေးဂိုး – ဂိုးမရှိ ဖြင့် အနိုင်ရရှိသည်။





**ကြည့်ရှုအားပေး**

ညနေပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၁)၌ အုပ်စု(၃) နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်)ပွဲစဉ်ဖြစ်သည့် အသင်း(ဂ)နည်းပညာတက္ကသိုလ်(မန္တလေး၊ ရတနာပုံဆိုက်ဘာစီးတီး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း)နှင့် အသင်း(ဃ) နေပြည်တော်နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ၊ ရမည်းသင်း)တို့မှ ကျောင်းသား အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အသင်း(ဃ)မှ အသင်း(ဂ) ကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၂)၌ ယနေ့ပြိုင်ပွဲမယှဉ်ပြိုင်သည့်အသင်းများ လေ့ကျင့်နေမှုကိုကြည့်ရှုပြီး ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားများပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃)၌ အုပ်စု(၃)နည်းပညာတက္ကသိုလ်ပွဲစဉ်များဖြစ်သည့် အသင်း(က) မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား၊ ဗန်းမော်၊ မကွေး၊ ပခုက္ကူ)နှင့် အသင်း(ခ) နည်းပညာတက္ကသိုလ်(ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင် အသင်း(က)မှ အသင်း(ခ)ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။ **သတင်းစဉ်**

**✻ ရှေ့ဖုံးမှ**

ဆောက်လုပ်နေပါတယ်။ စတုဒိသာ မဏ္ဍပ်ငါးခုမှာ အကြိုနေ့ကစပြီး အတက်နေ့အထိ နေ့စဉ် ထမင်း၊ ဖျော်ရည် စတဲ့ စားသောက်ဖွယ်ရာတွေနဲ့ ဧည့်ခံပေးသွားမှာပါ” ဟု ဦးမြင့်နိုင်စိုးက ပြောသည်။

**မဏ္ဍပ်ငါးခု တည်ဆောက်**

မုံရွာမြို့ ကန်သာယာသင်္ကြန်တွင် ဗဟိုမဏ္ဍပ် အပါအဝင် သင်္ကြန်မဏ္ဍပ်ငါးခု တည်ဆောက်လျက်ရှိပြီး ပါဝင်ယှဉ်ပြိုင်မည့် ယိမ်းအဖွဲ့ ၁၄ ဖွဲ့၊ တစ်ပင်တိုင်အကရှစ်ဖွဲ့ရှိကြောင်း သိရသည်။

အဆိုပါအကအဖွဲ့များ ကပြယှဉ်ပြိုင်မှုအပေါ် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် ပဉ္စမဆုအထိ ရွေးချယ်ကာ ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်သူများ ပျော်ရွှင်စေရန် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များနှင့် အဆိုတော် စုစုပေါင်း ၂၀ ဖိတ်ထားပြီး သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ဧည့်ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပတဲ့ မုံရွာသင်္ကြန်ပွဲတော်ကို ပြည်သူတွေ လာရောက်ပျော်ရွှင်ကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု ဦးမြင့်နိုင်စိုးက ပြောသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ အေးချမ်းသာယာစေရန် ချင်းတွင်းမြစ်အတွင်း အန္တရာယ်ကင်း ပရိတ် ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **လူလေး**



**❍ ကျောက်ဆည်မြို့နယ်မှ**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများကူညီပေးလျက်ရှိကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါများစိုက်ပျိုးရာတွင် မိုးကြိုစိုက်ဧကများအဖြစ် ပန်းခွာ၊ ကျီးပြ၊ သင်ပျိုု၊ ကျီးအိပ်၊ ဒွေးလှ၊ အနောက်ငါးဆူ၊ ရှားပင်ကျေးရွာအုပ်စုများတွင် ၂၇၃ ဧက၊ ဒါန်းတိုင်၊ ရန်ဘက်လို၊ ပေတော၊ ဘုံကွင်း၊ စင်းကွန်း ကျေးရွာအုပ်စုများတွင် ၃၆၇ ဧက၊ လက်ပန်ပင်၊ မယ်ဇယ်ပင်၊ တံစိုး၊ သူငယ်တော်၊ ပွတ္တိုင်၊ မြောင်းဦး၊ အနောက်သာဂရ၊ ရွာပုလဲ၊ ကတဲ၊ ပနံ ကျေးရွာအုပ်စုများတွင် ဧက ၇၄၀၊ ညောင်ရွှေ သင်ပုတ်၊ ဇရပ်ဖြူ ငါးအိုး၊ အနောက်ရွာနန်း၊ လက်ပန်၊ ညောင်ဝန်း၊ ကြောင်ပန်းကုန်း ကျေးရွာအုပ်စုများတွင် ၉၂၃ ဧက၊ တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ပြည်ပန်း၊ ဖောင်ရွာ၊ ကြက်မင်းတွန်၊ ပတ္တာ၊ ပင်တလည်၊ သမန္တလင်း၊ မြင်းကဘက်၊ မုန့်ပေါင်း၊ လက်ပန်ဇင် ကျေးရွာအုပ်စုများတွင် ၄၄၁၉ ဧက၊ အရှေ့ငယ်တိုး၊ လက်ပန်ဇင်၊ ငှက်တောင်၊ ရွှေဒါး၊ ရဲဘော်ကြီး ကျေးရွာအုပ်စုများတွင် ၁၂၈၆ ဧက၊ သင်္ဂတုံ၊ အရှေ့သာဂရ၊ ကလေး၊ မှိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ပုထိုးနီ၊ ကုလားကျောင်းကျေးရွာအုပ်စုများတွင် ၂၂၇၇ ဧက၊ ရဲမအူ၊ စိုင်မလန်း၊ ကိုးပင်၊ အင်ရောင်း၊ ကလိုင်ကျော် ကျေးရွာအုပ်စုများတွင် ၁၁၈၁ ဧက၊ မင်းစု၊ စပယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ တောတွင်၊ မြေစိုပယ် ကျေးရွာအုပ်စုများတွင် ဧက ၂၉၀ စုစုပေါင်း ၁၁၇၅၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်

မုံရွာ မေ ၂

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေးအတွက် ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် ဆရာဆရာမများအားလုံးက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယမန်နေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ နွေရာသီသင်တန်းများ ဖွင့်လှစ်ရေးနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းများဖွင့်လှစ်သင်ကြားရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

## ကျောင်းအပ်နှံရေး

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုကာလသည် နွေရာသီ ကျောင်းပိတ်ရက်ကာလဖြစ်၍ ကျောင်းသား ကျောင်းသူများ အသိအလိမ္မာတိုးပွားစေရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ပန်းချီကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာသင်တန်းများနှင့် ဘင်ခရာသင်တန်းများကို ဖွင့်လှစ်သင်ကြားသွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများအား မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တို့တွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ မေ ၂၃ ရက်သည် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ကျောင်းအပ်နှံရေးလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် စနစ်တကျ စီမံချက်များရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအေးလှိုင်နှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းတို့က ရှင်းလင်းပြောကြားပြီး ခရိုင်/မြို့နယ် ပညာရေးမှူးများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များအကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး (ပြန်/ဆက်)



# ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုနှင့် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

မြစ်ကြီးနား မေ ၂

ကချင်ပြည်နယ် ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၁ ရက်မှ မေ ၄ ရက်အထိ ပြည်နယ်အတွင်းရှိ စာဖြေဌာနအလိုက် ကျင်းပလျက်ရှိရာ မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်၌ ဖြေဆိုနေသော သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက လှူဖွယ်ပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် မြစ်ကြီးနားမြို့ရှိ အားကစားကွင်းများ၊ မိုးလုံလေလုံအားကစားခန်းမများ၊ အားကစားကလပ်များတွင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်နယ်ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမများ၌ လက်ဝှေ့သင်တန်း၊ အမျိုးသား၊အမျိုးသမီး ဘော်လီဘောသင်တန်း၊ ကရာတေးနှင့် တိုက်ကွမ်ဒိုသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ သင်တန်းသားသင်တန်းသူများ တက်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားနည်းအလိုက် နည်းပြများနှင့် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနဝင်းရှိ မနောရော ရေကူးကန်၌ ရေကူးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကွမ်းလုံမြို့နယ်နှင့် ခန္တီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာရှိ ဒေသခံပြည်သူ ၅၄ ဦးအား အဆိုပါ ကျေးရွာ၏ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လောင်စောက်လေးကျေးရွာရှိ ဒေသခံပြည်သူ ၅၈ ဦးအား အဆိုပါကျေးရွာခန်းမ၌ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG ၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၅၄၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၃ ရက် မှ မေ ၉ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၅၄၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ သတင်းစဉ်

# လိုရာပြည့်စုံ ကမ္ဘာလုံးစေတီတော်မြတ်ကြီး နဝရတ်ကိုးပါး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပ



မုဒုံ မေ ၂

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ ရှမ်းရွာရပ်ရှိ အောင်တော်မူကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တသီလဝန္တ ဦးစီးဦးဆောင်၍ ခုနစ်ရက်သားသမီး ဒါယကာ၊ ဒါယိကာမများ၏ ကောင်းမှုတော်ဖြင့် အသစ်တည်ထား ကိုးကွယ်ပူဇော်မည့် "လိုရာပြည့်စုံ ကမ္ဘာလုံးစေတီတော်မြတ်ကြီး" နဝရတ်ကိုးပါး အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့တွင် စေတီတော်မြတ်ကြီး တည်ထားမည့်နေရာတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပင့်သံဃာဆရာတော် အရှင်သူမြတ်များထံ နဝရတ်ကိုးပါးနှင့် ပရိတ်ရည်၊ နံ့သာရည်များ ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့ပြီး ခြင်္သေ့ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒကုမာရမှ သြဝါဒစကား မြွက်ကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က စေတီတည်ထားရခြင်းနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားရာ လှူဒါန်းမှုအစုစုတို့အား အောင်တော်မူကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တသီလဝန္တက ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ အုတ်မြစ်တော်စီရန် နဝရတ်ကိုးပါး ရတနာအုတ်မြစ်တော်များကို သတ်မှတ်နေရာသို့ ပင့်ဆောင်ခဲ့ပြီး ပင့်သံဃာတော် ကိုးပါးတို့မှ အုတ်မြစ်တော်များ စိုက်ထူပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များထံမှ "ဇယန္တော ဗောဓိယာမူလေ" ဂါထာတော်ကို ရွတ်ဆိုပူဇော်ပေးခဲ့ပြီးနောက် အုတ်မြစ်တော်ဌာပနာအား ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မော်လမြိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂

မော်လမြိုင်အသင်း(ရန်ကုန်)၏ (၁၀၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယံ- အုတ်လမ်းရှိ မော်လမြိုင်ဓမ္မာရုံတွင် ကျင်းပသည်။

ဦးစွာအသင်းဥက္ကဋ္ဌ ဦးဆန်းဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွားများအား ကန်တော့ချီးဖြင့် အသင်းသူ အသင်းသားများက စုပေါင်းကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံအဘိုး နာယကကြီး ဦးစိန်ရက မေတ္တာပို့ဆုတောင်းစကားပြောကြားပြီး ကန်တော့ခံ အဘိုး၊ အဘွားတို့အား အသင်းမှအလှူရှင်များနှင့် အခြားအလှူရှင်တို့က ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ၂၀၂၂ -၂၀၂၃ နှစ်ပတ်လည် အစည်းအဝေးအတွက် လှူဒါန်းသည့် အလှူရှင်များကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အသင်းဝင် သား သမီးများမှ ၂၀၁၉-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများနှင့် MASTER OF SCIENCS ဘွဲ့ရရှိသူများကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ၂၀၂၀-၂၀၂၂ ခုနှစ် အမှုဆောင်များ နုတ်ထွက်ကြပြီး ၂၀၂၃-၂၀၂၅ ခုနှစ် အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ကြကာ ဥက္ကဋ္ဌအသစ် ဦးဆန်းဦးက ကျေးဇူးတင် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ အောင်မြင့်(ပြန်/ဆက်)

## ကနီမြို့လယ် ဓာတ်ပေါင်းစုစေတီတော်ကြီးအား ထုံးသင်္ကန်းကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကနီ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ရှိ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအား ထုံးသင်္ကန်းကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြည့်ရှုအားပေး

အဆိုပါ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအား ထုံးသင်္ကန်းကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ စေတီတော်ကြီးအား ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ခြင်း၊ မြို့နယ်ဌာနဆိုင်ရာများက စေတီတော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထုံးသင်္ကန်းကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၁၇၈

## ဆီဆိုင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းများ လွှဲပြောင်းအပ်နှံပွဲ ကျင်းပ

ဆီဆိုင် မေ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေများဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က အဖွင့်အမှာစကား ပြောကြားပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၃၅ ရွာမှ ကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာများအား အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ ကျေးရွာ ၃၅ ရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးလက်လမ်း/တံတားလုပ်ငန်း ၂၅ ခု၊ ရေပေးရေးလုပ်ငန်း ခုနစ်ခု၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း နှစ်ခုနှင့် ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ၃၅ ခုကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉၃ ဒသမ ၅၃ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၄၄၃ ဒသမ ၅၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာကျေးရွာ ကော်မတီဝင်များထံသို့ လုပ်ငန်းများ လွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

၂၂၂

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် မေ ၂

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဇလွန်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့

ဇလွန် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ



တာဝန်ယူဆောင်ရွက်နေသည့် ဇလွန်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် ၂၀၂၂ -၂၀၂၃ ခု ဘဏ္ဍာနှစ် မတ်လအတွက် ဇလွန်မြို့နယ်အတွင်းရှိ MCCT အစီအစဉ်တွင် အကျုံးဝင်သော အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်မိခင် ၁၅၆၀၊ ကလေးသူငယ် ၁၂၆၀ စုစုပေါင်း၂၈၂၀ အတွက် စုစုပေါင်းထောက်ပံ့ကြေးငွေကျပ် ၄၂၃၀၀၀၀၀ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြန်လည်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇလွန်(ပြန် /ဆက်)

# ပြည်သူရေးရာ ပြည်သူ့အကျိုးပြုဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ

မိုးယံ

ရှာဖွေကယ်ဆယ်ရေးဟူသည် မီး၊ ရေ၊ လေ၊ ငလျင်၊ မိုးကြိုးစသည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ရုတ်တရက်ဖြစ်ပွားစေတတ်သော ဘေးအန္တရာယ်တစ်စုံတစ်ခုကျရောက်မှုအပေါ် သတင်းအချက်အလက်များလက်ဦးမှုရယူလျက် အလျင်မြန်ဆုံးနည်းလမ်းဖြင့် ဘေးဒုက္ခခံစားရသူများကို ရှာဖွေခြင်း၊ ထိရောက်သောနည်းစနစ်များဖြင့် ရရှိခဲ့သည့်စိတ်ဒဏ်ရာ၊ ကိုယ်ကာယဒဏ်ရာများအပေါ် အားပေးနှစ်သိမ့်ခြင်း၊ ရှေးဦးသူနာပြုစုနည်းဖြင့် ကူညီဖေးမစောင့်ရှောက်ပေးခြင်း၊ မှန်ကန်သောနည်းစနစ်ဖြင့် ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ထုတ်ခြင်းစသော လုပ်ငန်းဆောင်တာကိစ္စရပ်များအားလုံးပါဝင်သည်။

မည်သည့်ဘေးအန္တရာယ် ကျရောက်မှုတွင်မဆို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်စုံ၊ ကဏ္ဍစုံမှ ကယ်ဆယ်ရေးနည်းပညာ၊ အတတ်ပညာရပ်များ ကျွမ်းကျင်မှုရှိသောပုဂ္ဂိုလ်များအားလုံး စုပေါင်းလုပ်ဆောင်မှုကို ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်ရန် အရေးကြီးလှသည်။

**ဘေးအန္တရာယ်အမျိုးမျိုး**

ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်အမျိုးမျိုးဖြစ်ပွားလျက်ရှိရာ နှစ်စဉ်ဘေးအန္တရာယ်ဖြစ်ပွားမှုပေါင်း ၁၀ သိန်းနီးပါးခန့်ရှိကြောင်း သိရသည်။ မီးဘေးအန္တရာယ်ကျရောက်မှုကို တင်ပြရလျှင် လူဦးရေ ၅၁ သန်းကျော် နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှု ပျမ်းမျှအကြိမ်ရေ ၂၀၀၀ ကျော်၊ ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၅ ဘီလီယံခန့်ရှိသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံတွင် နှစ်စဉ်မီးလောင်မှု ပျမ်းမျှအကြိမ်ရေ ၁၃ သိန်းကျော်၊ ရုရှားနိုင်ငံတွင် ၁၃၀၀၀၀ ခန့်နှင့် ဂျပန်နိုင်ငံတွင် ၃၆၀၀ ကျော် ဖြစ်ပွားလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

မီးဘေးအပြင် အခြားသောသဘာဝဘေးအန္တရာယ်များစွာကိုလည်း ကမ္ဘာပေါ်ရှိ လူသားတိုင်း နှစ်စဉ်ကြုံတွေ့ခံစားနေကြရသည်။

လူသားတိုင်းသည် ဖွံ့ဖြိုးမှုကို ခုံမင်ကြ၏၊ ဘေးဒုက္ခကို မတွေ့ကြုံလိုကြ။ သို့သော် ဖွံ့ဖြိုးမှုနှင့် ဘေးန္တရာယ်သည် ဝိရောဓိဖြစ်နေ၏။ သဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေကြသည်။

သဘာဝ ဘေးအန္တရာယ်များ၏ နှိပ်စက်စေတတ်မှုကြောင့် ကိန္နရီကိန္နရာ ချောင်းခြားခဲ့ရသည့် အလွမ်းအဖြစ်အပျက်ကို ဘိုးတော်ဘုရားလက်ထက် ၁၁၅၄ ခုနှစ်က “တွင်းသင်းမင်းကြီး မဟာစည်သူ ဦးထွန်းညို” ရေးစပ်ခဲ့သော “ဘလ္လာတိယပျို့”တွင် “မိုးသက်လေပြင်းတွေ ထန်၊ သစ်ပင်တွေ ကျိုးပြတ်လွင့်စဉ်၊ ချောင်းရေတွေ လျှံပြီး တစ်ဖက်၊ တစ်ကမ်းစီ တစ်ညတာကွဲကွာခဲ့ရသဖြင့် နှစ်ပေါင်းခုနစ်ရာတိုင်အောင် ငိုကြွေးခဲ့ရသည်”ဟု ရေးဖွဲ့ခဲ့သည်။

သဘာဝဘေးများကြောင့် လူသားများအပါအဝင် သတ္တဝါများအားလုံး ထိခိုက်ခံစားကြရ၏။ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုများကို ပြန်လည်လေ့လာကြည့်လျှင် ၁၈၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး အကျိုးသက်ရောက်မှုဖြစ်စေခဲ့သော “တန်ဘိုရာမီးတောင်” ပေါက်ကွဲမှု၊ ၂၀၀၈ ခုနှစ် မေလက ဧရာဝတီတိုင်းဒေသကြီးကို ကြီးမားစွာ ပျက်စီးဆုံးရှုံးစေခဲ့သော “နာဂစ်မုန်တိုင်း”၊ ၂၀၁၁ ခုနှစ် မတ်လက လှုပ်ခတ်ခဲ့သော ဂျပန်နိုင်ငံ “ဆန်ဒိုင်ငလျင်နှင့် ဆူနာမီ”၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောမီးလောင်မှု ဖြစ်စဉ်တို့သည် အဖျက်စွမ်းအားကြီးမားသည့် သဘာဝဘေးများဖြစ်သည်။

**ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆိုး**

ထို့ပြင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဘရာဇီးနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး အမေဇုန်မိုးသစ်တော ပြုန်းတီးမှုများသည် လည်းကောင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖြစ်ပွားခဲ့သည့် တူကီယဲနှင့် ဆီးရီးယားနိုင်ငံတို့တွင် ၇ ဒသမ ၈ မဂ္ဂနီကျူပြင်းအားရှိ ငလျင်နှင့် မိနစ်အနည်းငယ်ခြားပြီး ၇ ဒသမ ၅ မဂ္ဂနီကျူပြင်းအားရှိ ငလျင်တို့ နှစ်ဆင့်လှုပ်ခတ်ခဲ့မှုကြောင့် တူကီယဲနိုင်ငံတွင် လူပေါင်း ၁၂၈၇၃ ဦးနှင့် ဆီးရီးယားနိုင်ငံတွင် လူပေါင်း ၃၁၆၂ ဦး သေဆုံးခဲ့ရကာ နှစ်နိုင်ငံပေါင်း ဒဏ်ရာရရှိသူ ၇၈၉၇၂ ဦး၊ အဆောက်အအုံပေါင်း ၄၀၀၀ ကျော် ပြိုကျပျက်စီးခဲ့သည့် ဖြစ်စဉ်များသည်လည်းကောင်း သမိုင်းတွင် မေ့မရနိုင်သော ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆိုး သဘာဝဘေးအန္တရာယ်များပင်ဖြစ်သည်။

ကူးစက်ရောဂါနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသုတေသနစင်တာ (Center for Research on the Epidemiology of Disasters)၏ အစီရင်ခံစာများအရ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀နှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုကြောင့် ဘေးသင့်သူလူဦးရေမှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၆၄ သန်းကျော်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်းဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များမှာ မီးဘေးအန္တရာယ် ၇၃ ရာခိုင်နှုန်း၊ ရေလွှမ်းမိုးခြင်း ၁၁ ရာခိုင်နှုန်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း ၁၂ ရာခိုင်နှုန်းနှင့် ကျန်လေးရာခိုင်နှုန်းမှာ မြေငလျင်၊ မြေပြိုခြင်းနှင့် ဆူနာမီကျရောက်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

သဘာဝ ဘေးအန္တရာယ်တို့သည် နေရာဒေသတစ်ခု သို့မဟုတ် လူတစ်စုအပေါ်ကွက်၍ ရွေးချယ်ကျရောက်တတ်ခြင်းမျိုးမဟုတ်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ခြင်း၊ နည်းပညာအဆင့်မြင့်ခြင်း၊ နည်းပညာနောက်ကျခြင်းဟူ၍ ရွေးချယ်မှု၊ ညှာတာမှု၊ ခွဲခြားမှု၊ ထောက်ထားမှုမရှိ တွေ့ကြုံခံစားရမည်သာဖြစ်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များသည် နယ်စည်းမခြား လူသားတိုင်း၊ ဒေသတိုင်း၊ နိုင်ငံတိုင်းတွင် ဆက်စပ်ထိခိုက် ဆုံးရှုံးတတ်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

**ကာကွယ်စောင့်ရှောက်ရေးအစီအမံများ**

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဘေးအန္တရာယ်များ ကျရောက်လာပါက နယ်စည်းမခြား ကူညီကယ်ဆယ်မည့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း “ကြိုတင်ကာကွယ် ပြင်ဆင်မှုပြုခြင်းသည် ကျရောက်လာမည့်ဘေးအန္တရာယ်များအတွက် အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ချက်ဖြစ်သည်” ဟူသော စကားနှင့်အညီ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျ ပြုလုပ်ထားနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်စေရေးအတွက်လည်းကောင်း “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၁-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၀/ ၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများ ပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကော်မတီက ပေးအပ်သောလုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃ ခုနှစ်)နှင့်အညီ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူ၍ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ စသည့် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်ဘေးအန္တရာယ် ကျရောက်သူများအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ထိရောက်စွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားရှာဖွေကယ်ဆယ်ရေးအစီအမံများကို စနစ်တကျချမှတ်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကာ “မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ”ကို နိုင်ငံတော်သမ္မတရုံး၏ ၃-၅-၂၀၁၆ ရက်နေ့ပါ အမိန့်ကြော်ငြာစာအမှတ် (၈/ ၂၀၁၆) ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံသည် ပင်လယ်ပြင်တွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကွန်ဗင်းရှင်း (SOLAS)၊ နိုင်ငံတကာပင်လယ်လေကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကွန်ဗင်းရှင်း၊ နိုင်ငံတကာလေကြောင်း

**စာမျက်နှာ ၇ သို့** ✻



ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၃ ရက်က ရေဘေးအန္တရာယ်ကြောင့် လူနှင့်ပစ္စည်းများအား တာဝန်ရှိသူများက ပြောင်းရွှေ့ပေးခဲ့စဉ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

**“ သဘာဝဘေးအန္တရာယ်တို့သည် နေရာဒေသတစ်ခု သို့မဟုတ် လူတစ်စုအပေါ်ကွက်၍ ရွေးချယ်ကျရောက်တတ်ခြင်းမျိုးမဟုတ်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ခြင်း၊ နည်းပညာအဆင့်မြင့်ခြင်း၊ နည်းပညာနောက်ကျခြင်းဟူ၍ ရွေးချယ်မှု၊ ညှာတာမှု၊ ခွဲခြားမှု၊ ထောက်ထားမှုမရှိ တွေ့ကြုံခံစားရမည်သာဖြစ်**

**နိုင်ငံသားတိုင်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်ပြီး မိမိတို့ရေမြေကို ချစ်မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များဖြင့် ပူးပေါင်းကာကွယ်ဆောင်ရွက်မှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာလျှော့ချပေးနိုင်မည် ”**

✻ စာမျက်နှာ ၆ မှ

ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် သက်ဆိုင်ရာ မြေပိုင်နက်များ၊ ရေပိုင်နက်များနှင့် ကမ်းဝေး ပင်လယ်ပြင်အတွင်း လေကြောင်းနှင့် ရေကြောင်းဆိုင်ရာ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့အား လုပ်ဆောင်ပေးရန် တာဝန်ရှိခြင်းနှင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန် တာဝန်ရှိခြင်းတို့ကြောင့် "မြန်မာနိုင်ငံအမျိုးသား ရှာဖွေကယ်ဆယ်ရေးကော်မတီ" ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ယခုနှစ် ဇန်နဝါရီ ၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်စဉ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

**ပေါင်းစပ်ဆောင်ရွက်**

"မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ"၊ "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ" နှစ်ရပ်နှင့် လုပ်ငန်းကော်မတီ ၁၂ ရပ်တို့သည် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်ဆုံးရှုံးမှုလျော့ပါးသက်သာစေရန်နှင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်ချက်များ၊ လစ်ဟာမှုများ မရှိစေရေးအတွက် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကော်မတီအဖွဲ့ဝင် ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက အချိတ်အဆက်မိမိ ပေါင်းစပ်ဆောင်ရွက်ကြသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းစုစုပေါင်း ၁၀၂၆ ကြိမ် ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၂၉၀၄ ဦးတို့သည် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ခဲ့သည်။

သဘာဝဘေးမဖြစ်ပွားမီ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ကွပ်ကဲမှုဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို တစ်မြို့နယ်လျှင် အင်အား ၃၅ ဦးစီပါဝင်သော တပ်စု တစ်စုစီဖြင့် တပ်စုပေါင်း ၃၃၃ စု၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ မြို့ကြီးများတွင် အင်အား ၁၁၆ ဦးစီပါဝင်သော တပ်ခွဲ တစ်ခွဲစီဖြင့် တပ်ခွဲပေါင်း ၁၇ ခွဲဖွဲ့စည်းထားသဖြင့် စုစုပေါင်း ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်အင်အား ၁၃၆၂၇ ဦး စုဖွဲ့ပြင်ဆင်ထားနိုင်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် သန္နေမီးသတ်တပ်ဖွဲ့ဝင် (နိုင်ငံ့ဝန်ထမ်း) အင်အား ၁၁၆ ဦးတို့ ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအထူးတပ်ခွဲ တစ်ခွဲစီ ထပ်မံစုဖွဲ့ထားရှိကာ သတ်မှတ်ထားသည့် ရေပြင်နှင့် မြေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို စုဆောင်း၍ ဒေသအလိုက် ဖြန့်ဝေထားရှိပြီး "မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ"နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သည့် "ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ" တို့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။



မွန်ပြည်နယ် ပညာရေးဒီဂရီကောလိပ်၌ ၂၀၂၃ ခုနှစ် မတ် ၃၀ ရက်က ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်စဉ်။ စည်သူ(ပြန်/ဆက်)

**သဘာဝအလှတရားကို အကျည်းတန်စေ**

သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံသားတို့၏ အသက်အိုးအိမ် ဥစ္စာပစ္စည်းများစွာဆုံးရှုံးခဲ့ရသည်။ လူမှုစီးပွားလုပ်ငန်းများတွင် အသက်သွေးကြောပမာဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးများ ပိတ်ဆို့ခဲ့ရသည်။ လမ်း/တံတား၊ မြေပြိုကျမှု (Land Slide) များဖြစ်ပွားပြီး ဆုံးရှုံးပျက်စီးခဲ့ရသည်။ ဘေးသင့်နေရာများတွင် ရေချိုများ ညစ်ညမ်းပြီး သောက်ရေ၊ သုံးရေ ပြတ်လပ်ရှားပါးခဲ့ရသည်။ စိုက်ပျိုးမြေများစွာထိခိုက်ပျက်စီးခဲ့ရသည်။ တိရစ္ဆာန်များစွာသေကျေခဲ့ကြရသည်။ သီးနှံခင်းများလည်း စိုက်ပျိုးမရဖြစ်ခဲ့ရသည်။ ဓာတ်တိုင်များပြိုလဲ၍ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသည်။ စာသင်ကျောင်းများလည်း ပိတ်ခဲ့ရသည်။ ရောဂါဘယများထူပြောစေခဲ့ရသည်။ သဘာဝဘေးသည် သဘာဝအလှတရားကို အကျည်းတန်စေခဲ့ရသည်။

မည်သူ့အပေါ် အပြစ်တင်ရမည်နည်း။ သဘာဝတရားကိုတော့ အပြစ်တင်၍ ရမည်မဟုတ်။ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်တွင် မြေပေါ်နှင့် မြေအတွင်းပိုင်းဟု သဘာဝဘေးအန္တရာယ်ဖြစ်စဉ် နှစ်မျိုးရှိသည်။ လေပြင်းမုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ ရေတိုက်စားခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်းနှင့် အနည်ပို့ချခြင်းတို့သည် မြေပေါ်ဖြစ်စဉ်များဖြစ်ပြီး ကမ္ဘာ့အပေါ်ယံအလွှာ (Earth Crust)၌ ဖြစ်ပေါ်လေ့ရှိကြသည်။ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောင်တန်းများ၊ တိုက်ကြီးများ၊ သမုဒ္ဒရာချိုင့်ဝှမ်းများ ဖြစ်ပေါ်ခြင်းတို့သည် မြေတွင်းဖြစ်စဉ်များပင်ဖြစ်သည်။

**လူတို့၏လောဘဇော**

ထိုဖြစ်စဉ်နှစ်မျိုးတွင် မြေပေါ်ဖြစ်စဉ်က အကြိမ်ရေပိုမိုများပြားပြီး လူသားတို့၏ ပယောဂကြောင့် မြေပေါ်ဖြစ်စဉ်များက ဖြစ်ပွားရခြင်းသာဖြစ်သည်။ သစ်တစ်ပင်မျှပင် မစိုက်ပျိုးဖူးကြသော်လည်း သစ်ပင်ဆယ်ပင်ခုတ်ရန် ဝန်မလေးသည့် လူတို့၏လောဘဇောကြောင့် သစ်တောများစွာ ပြုန်းတီးကြရသည်။ သစ်ပင်သစ်တောပြုန်းတီးသဖြင့် မိုးရေနှင့် မြေကြီး တိုက်ရိုက်ထိပြီး မိုးရေကို မကာကွယ်နိုင်၊ မိုးရေကို မထိန်းနိုင်ဖြစ်လာသည်။

သစ်တောသစ်ပင်ရှိခြင်းက ရွာသောမိုးရေကို မြေအောက်သို့ ပိုမိုစိမ့်ဝင်စေသည်။ မြေအောက်ရေကို ဖြည့်တင်းရာရောက်သည်။ သစ်ပင်သစ်တောများ ပြုန်းတီးမှုကြောင့် မြေဆီလွှာပျက်စီးစေသည်။ ထိုမြေလွှာများသည် မိုးရေနှင့်အတူ မြစ်များ၊ ချောင်းများသို့ မျောပါသည်။ ထိုမြေဆီလွှာ အနည်အနှစ်များကြောင့် မြစ်ကြမ်းပြင်ကို တိမ်စေသည်။ သောင်ထွန်းစေသည်။ ထို့ကြောင့် မြစ်ကျဉ်းပြီး ရေကြီး ရေလျှံဖြစ်ပေါ်သည့် သဘာဝဘေးကို ခံစားရမည်ဖြစ်သည်။

အခြားသောအကြောင်းတရားတစ်ခုမှာ စည်းစနစ်မရှိသော သယံဇာတတူးဖော်မှုများပင်ဖြစ်သည်။ မြစ်ထဲ၊ ချောင်းထဲ တူးချင်သလို တူးကြသည်။ စွန့်ပစ်မြေစာများ ပုံချင်သလိုပုံကြသည်။ ယင်းက ရေလမ်းကြောင်းများ ပျက်စီး၊ ပိတ်ဆို့ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်လာသည်။ မြစ်ချောင်းတို့၏ ရေစီးဆင်းပုံစနစ် (Drainage System) ကွန်ရက်သည် လူတို့၏ မဆင်မခြင် ပြုမှုများကြောင့်သာ ပျက်စီးခြင်းဖြစ်သည်။ အကျိုးဆက်မှုကား ရေကြီးမှုပမာဏ များပြားလာခြင်း၊ ရေကြီးခြင်း အကြိမ်ရေစိပ်လာခြင်းတို့ ဖြစ်လာရသည်။

ထို့ပြင် ရိုးရာဓလေ့ဖြစ်သော ရွှေ့ပြောင်းတောင်ယာဆောင်ရွက်ခြင်း၊ တောမီးရှို့ခြင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းနှင့် လမ်းတံတားများ ဖျက်ဆီးခံရသည့် အဖျက်အမှောင့်လုပ်ဆောင်ခြင်းများကလည်း မြေပေါ်ဘေးအန္တရာယ်များတွင် ထည့်သွင်းရမည်ဖြစ်သည်။ မိမိတို့ ပတ်ဝန်းကျင်ရှိ သဘာဝတရား၏ ဟန်ချက်များ ပျက်စီးလာသည်နှင့်အမျှ သဘာဝဘေးများက မိမိတို့ကို အချိန်တိုင်းစိန်ခေါ်နေမည်သာဖြစ်သည်။

အချုပ်ဆိုရသော် နိုင်ငံသားတိုင်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်ပြီး မိမိတို့ ရေမြေကို ချစ်မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များဖြင့် ပူးပေါင်းကာကွယ်ဆောင်ရွက်မှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ထို့အတူ ဘေးအန္တရာယ်များ ကျရောက်လာပါကလည်း မြန်မာနိုင်ငံ အမျိုးသားရှာဖွေ ကယ်ဆယ်ရေး ကော်မတီအနေဖြင့် သတင်းလက်ဦးမှု ရယူ၍ အရေးပေါ်ထုတ်ပြန်ကြေညာခြင်း၊ လျင်မြန်ထိရောက်စွာ ကူညီကယ်ဆယ် တုံ့ပြန်ဖြေရှင်းခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဆိပ်ဖြူဒေသထွက် ကြက်သွန်နီနှင့် ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူ၊ အာလူးများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနသည် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီများနှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူ၊ အာလူးများအား သမဝါယမစနစ် (စုပေါင်းစနစ်)ဖြင့် ဝယ်ယူပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများရှိ အသင်းသားများ လက်ဝယ်အရောက် ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ကြက်သွန်နီပိဿာချိန် ၁၅၀၀၀၊ ကြက်သွန်ဖြူပိဿာချိန် ၁၂၀၀ နှင့် အာလူးပိဿာချိန် ၁၀၀၀ ကျော်တို့အား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် လေးမျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့်(Grade 10, Grade 11, Grade 12)ပညာသင်ကာလ သုံးနှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ် သုံးမျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ(Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် ခြောက်နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့(BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် လေးနှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့(B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် သုံးနှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့(Bachelor of Agricultural Science) ငါးနှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်(Diploma in Agriculture) သုံးနှစ် သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ငါးနှစ် သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။


အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။


## (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။ **စာမျက်နှာ ၉ သို့ »»»**

**အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**




**Learning Opportunities for Grade 9 Passed Students**



»»» **စာမျက်နှာ ၈ မှ**

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) ခြောက်နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) လေးနှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) သုံးနှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် လေးနှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂)ကော့ကရိတ် |
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁)ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄)ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁)ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆)မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက-လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁)အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃)ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀)ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁)ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ)ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂)လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျိုး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

# လူတိုင်းအသိသတိဖြင့် မျက်စိရောဂါကာကွယ်ပါ

မေယု-မျိုးအောင် (MANA)

**မြန်မာမှုနယ်ပယ်တွင် အမြင်အာရုံကွယ်ပျောက်ကာ မျက်စိမမြင်နိုင်တော့ခြင်းသည် ဘဝတစ်ခုလုံး ဆုံးရှုံးသွားရသကဲ့သို့ဖြစ်စေပြီး အကြားအာရုံကင်းမဲ့ကာ နားမကြားတော့ခြင်းသည် လူဖြစ်ရှုံးရသောအခြေအနေနှင့်တူကြောင်းကို မျက်စိအဆုံး၊ နားအရှုံးဟူသည့် ဆိုရိုးစကားဖြင့် ပမာပြုကြသည်။ လူတိုင်းအနေဖြင့် မိမိတို့၏ အမြင်အာရုံကောင်းမွန်နေရန်မှာ မျက်စိရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်သည်။ ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်ရေးမှာ အများပြည်သူတို့အနေဖြင့် မျက်စိကျန်းမာရေးကို အလေးထားပြီး စမ်းသပ်စစ်ဆေးကာ ကုသမှုခံယူရုံမှတစ်ပါး အခြားမရှိပေ။**

မျက်မှောက်ကာလတွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် လူအများသည် ဖုန်းနှင့် ကွန်ပျူတာကဲ့သို့သော ပစ္စည်းများ အသုံးပြုမှုများပြားလာသဖြင့် အမြင်အာရုံဆိုင်ရာ ချို့ယွင်းမှုများ ပိုမိုဖြစ်ပွားလာသည်။ ယင်းကိစ္စသည် မိမိတစ်ဦးတည်းသာမက မိမိ၏ပတ်ဝန်းကျင်ရှိ လူအများနှင့်လည်း သက်ဆိုင်သည့်အတွက် မျက်စိစမ်းသပ်စစ်ဆေးခြင်းမှာ လူတိုင်းအတွက် အရေးပါသည့်ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။

**အဓိကမျက်စိကွယ်စေသော အတွင်းတိမ်ရောဂါ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်း ၂၄၆ သန်းနှင့် မျက်စိကွယ်သူပေါင်း ၃၉ သန်းရှိသည်။ အမြင်အာရုံချို့တဲ့သူများ၏ ရာခိုင်နှုန်း ၉၀ သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်သည်။ ယင်းတို့အနက် ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ ရနိုင်သော်လည်း မျက်စိနှင့်စပ်လျဉ်းသည့် ကျန်းမာရေးအသိအားနည်းခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အမြင်အာရုံချို့တဲ့သူ ၁၂၆၈၇၃၇ ဦးအထိ ရှိသည်ဖြစ်ရာ နိုင်ငံ၏ လူဦးရေနှင့် နှိုင်းယှဉ်ပါက များပြားသည့်ပမာဏဟုဆိုနိုင်သည်။ မြန်မာနိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ပြည်သူအချို့ကို မျက်စိကွယ်စေသောရောဂါတစ်ခုမှာ မျက်ခမ်းစပ်ရောဂါဖြစ်သည်။ ၁၉၆၄ ခုနှစ်မှစ၍ မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့ရာ ကူးစက်မျက်ခမ်းစပ်ရောဂါဖြစ်ပွားနှုန်းမှာ ပျမ်းမျှအားဖြင့် ၄၃ ရာခိုင်နှုန်းမှ ၂၀၀၀ ပြည့်နှစ်တွင် တစ်ရာခိုင်နှုန်းအောက်အထိ ကျဆင်းလာခဲ့သည်။ ကူးစက်မျက်ခမ်းစပ်ဖြစ်ပွားမှု ကျဆင်းလာသည်နှင့်အမျှ မျက်ခမ်းစပ်ကြောင့် မျက်စိကွယ်မှု ကျဆင်းလာသော်လည်း ယနေ့ကာလတွင် အဓိကမျက်စိကွယ်စေသောရောဂါမှာ အတွင်းတိမ်ရောဂါဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် ကောက်ယူခဲ့သော အမျိုးသားအဆင့် မျက်မမြင်ဖြစ်ပွားမှုနှုန်း စစ်တမ်းအရမြန်မာနိုင်ငံတွင် အသက်(၅၀)နှင့်အထက် အရွယ်များတွင် မျက်မမြင်ဖြစ်ပွားမှုနှုန်း ၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အတွင်းတိမ်ရောဂါသည် မျက်စိကွယ်မှုအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ မျက်စိရောဂါအနက် မျက်စိကွယ်မှုကိုဖြစ်စေနိုင်သည့် အခြေအနေများမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့ကြောင့်ဖြစ်သည်။ ယင်းတို့အနက် အတွင်းတိမ်ရောဂါသည် ဖြစ်ပွားမှုများပြားသော်လည်း ထိရောက်စွာ ကာကွယ်ကုသနိုင်ပါက မျက်မမြင်ဖြစ်မှုကို လျော့နည်းစေနိုင်ကြောင်းကျန်းမာရေးဌာနက အသိပညာပေးထားပြီးဖြစ်သည်။ အမြင်အာရုံ ချို့ယွင်းခြင်းနှင့်မျက်စိကွယ်ခြင်းသည် ဘဝ၏ နေ့စဉ်လှုပ်ရှားမှုများ၊ လူမှုအသိုင်းအဝိုင်းအတွင်း အပြန်အလှန်ဆက်ဆံမှုများ၊ ကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ကြီးမားသည့် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် မျက်စိကွယ်သူတို့သည် ၎င်း၏ဘဝတစ်သက်တာတွင် သူတစ်ပါး၏ ဝန်ဆောင်မှုကိုသာ ရယူသုံးစွဲကြရတော့သည်။

**လူဦးရေ ၂ ဒသမ ၂ ဘီလီယံသည်**
**အနီးအဝေး အမြင်အာရုံချို့ယွင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းတွင် အနည်းဆုံး လူဦးရေ ၂ ဒသမ ၂ ဘီလီယံသည် အနီးအဝေး အမြင်အာရုံချို့ယွင်းမှုများရှိနေသည်။ ထိုသူများအနက် အနည်းဆုံး တစ်ဘီလီယံ သို့မဟုတ် ထက်ဝက်နီးပါးသည် ၎င်းတို့၏ အမြင်အာရုံချို့ယွင်းမှုကို မဖြေရှင်းနိုင်၊ အမြင်အာရုံချို့ယွင်းပြီး မျက်စိကွယ်သူအများစုသည် အသက်(၅၀)နှင့်အထက် ဖြစ်သော်လည်း အသက်အရွယ်မရွေးဖြစ်ပွားနိုင်သည်။

အမြင်အာရုံဆုံးရှုံး၍ မျက်စိကွယ်ခြင်းကို ဖြစ်ပေါ်စေသော အကြောင်းရင်းများစွာရှိသည့်အနက် အတွင်းတိမ်ကြောင့် မျက်စိကွယ်ရခြင်းမှာ ၅၁ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ လူတို့၏မျက်လုံးတွင် သဘာဝမှန်ဘီလူးရှိ၍ အလင်းတန်းများကို စုစည်းကာ ဦးနှောက်မှနေပြီး လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုများကို သိရှိစေရန် ဘာသာပြန်ပေးသည်။ ထိုသို့ အလင်းတန်းများ စုစည်းနိုင်သည့် မျက်လုံး၏မှန်ဘီလူးသည် ကြည်လင်ပြတ်သားနေသည်။ ထိုကြည်လင်ပြတ်သားမှုရှိနေသောမှန်ဘီလူးမှာ အကြောင်းတစ်စုံတစ်ရာကြောင့် နောက်ကျိသွားပါက အတွင်းတိမ်ကို ဖြစ်ပေါ်စေသည်။ လူသည် အသက်အရွယ်ကြီးလာလျှင် မျက်စိသဘာဝမှန်ဘီလူး၏ ကြည်လင်မှုမှာ တဖြည်းဖြည်းလျော့ကျလာပြီး မှုန်မှိုင်းလာတတ်သည်။ ယင်းသို့ဖြစ်လာခြင်းကို အတွင်းတိမ်စွဲခြင်းဟုခေါ်သည်။ အခြားမျက်စိမှုန်ခြင်းများနှင့် မတူသောအချက်မှာ မျက်စိသဘာဝမှန်ဘီလူးတွင် တိမ်အရောင်ကဲ့သို့ အဖြူရောင်အဖတ်များ စွဲငြိကပ်တွယ်နေသည်ကို အလွယ်တကူတွေ့ရှိရမည်ဖြစ်သည်။ တိမ်ကဲ့သို့ အဖြူရောင်အရာများကို ဖြတ်ကျော်၍ ကြည့်ရသောမြင်ကွင်းသည် ဝေဝါးနေလေ့ရှိသည်။ အတွင်းတိမ်ရောဂါသည် ရုတ်တရက် အမြင်အာရုံကို မကွယ်စေသော်လည်း မကုသဘဲ အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းချင်းမှုန်လာ၍ မျက်စိကွယ်သည်အထိ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**နှစ်ဖက်စလုံး ပြိုင်တူဖြစ်လေ့ရှိ**

အတွင်းတိမ်၏ သဘောသဘာဝမှာ ဖြစ်ပွားပါက နှစ်ဖက်စလုံး ပြိုင်တူဖြစ်လေ့ရှိပြီး တစ်ဖက်က အတွင်းတိမ်ရောဂါနုကာ တစ်ဖက်ကရင့်သည်။ အတွင်းတိမ်ရောဂါဖြစ်ပွားရသည့် အကြောင်းရင်းကို လက်ရှိအချိန်အထိ ကမ္ဘာပေါ်တွင် မည်သူမျှ ရှာဖွေနိုင်ခြင်းမရှိသေးပေ။ အားလုံးထင်မြင်ယူဆသည်မှာ အသက်အရွယ်ကြီးမြင့်လာမှုနှင့် နေရောင်ဒဏ် (UV Light) ဟူ၍ပင်ဖြစ်သည်။

အတွင်းတိမ်သည် သဘာဝအလျောက်ဖြစ်ပေါ်လေ့ရှိပြီး အချို့မှာ မွေးဖွားလာစဉ်ကတည်းက မွေးရာပါအဖြစ် ပါလာလေ့ရှိကာ အချို့မှာ အသက်အရွယ်ကြီးရင့်လာသည့်အခါ မှန်ဘီလူးမှာ ကြည်လင်ပြတ်သားမှုအားနည်း၍ နောက်လာပြီး အတွင်းတိမ်ဖြစ်ပေါ်လာလေ့ရှိသည်။ အသက်အရွယ်ကြီးမြင့်လာမှုကြောင့် အတွင်းတိမ်ဖြစ်ပေါ်ခြင်းအပြင် အကြောင်းတစ်စုံတစ်ရာကြောင့် မျက်လုံးဒဏ်ရာရရှိခြင်း၊ ဆီးချိုရောဂါအခံရှိခြင်း၊ သိုင်းရွိုက်ဟော်မုန်းအားနည်းခြင်း၊ ပန်းနာရင်ကျပ်၊ လေးဖက်နာရောဂါအား (ပယ်ရီစတုန်း) စွဲမြဲစွာသောက်သုံးခြင်း၊ ကလိုရိုကွီး ငှက်ဖျားဆေး သောက်သုံးခြင်း၊ စိတ်ရောဂါဆေး သောက်သုံးခြင်းနှင့် အရေပြားရောဂါ၊ နှင်းခူရောဂါဖြစ်ပွားသူများ စသဖြင့် အကြောင်းရင်းများကြောင့်လည်း အတွင်းတိမ်ရောဂါဖြစ်ပွားနိုင်သည်။

> **အသက်အရွယ်ကြီးမြင့်လာမှုကြောင့် အတွင်းတိမ်ဖြစ်ပေါ်ခြင်းအပြင် အကြောင်းတစ်စုံတစ်ရာကြောင့် မျက်လုံးဒဏ်ရာရရှိခြင်း၊ ဆီးချိုရောဂါအခံရှိခြင်း၊ သိုင်းရွိုက်ဟော်မုန်း အားနည်းခြင်း၊ ပန်းနာရင်ကျပ်၊ လေးဖက်နာရောဂါအား (ပယ်ရီစတုန်း) စွဲမြဲစွာသောက်သုံးခြင်း၊ ကလိုရိုကွီးငှက်ဖျားဆေး သောက်သုံးခြင်း၊ စိတ်ရောဂါဆေးသောက်သုံးခြင်းနှင့် အရေပြားရောဂါ၊ နှင်းခူရောဂါဖြစ်ပွားသူများ စသဖြင့်အကြောင်းရင်းများကြောင့်လည်း အတွင်းတိမ်ရောဂါဖြစ်ပွားနိုင်**

**အတွင်းတိမ်မှတစ်ဆင့်**
**ရေတိမ်ရောဂါအဖြစ်သို့ ရောက်ရှိသွားနိုင်**

၁၉၉၅ ခုနှစ်က အတွင်းတိမ်ရောဂါသည် အသက် (၇၀) အရွယ်များ၌သာ တွေ့ရတတ်သော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်ကာ အသက်(၄၀)အရွယ်များ၌ တွေ့ရှိလာရကြောင်း မျက်စိရောဂါကု ဆရာဝန်ကြီးများက ဆိုသည်။ ယခုနောက်ပိုင်းတွင် အတွင်းတိမ်ရောဂါဖြစ်ပွားမှုများမှာ ပိုမိုများပြားလာသည်ကို တွေ့ရှိရပြီး ကျန်းမာရေးစစ်တမ်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၁၀၀၀ လျှင် ၃ ဒသမ ၆ ဦးနှုန်းမှာ အတွင်းတိမ်ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် မျက်စိကွယ်ခြင်းဝေဒနာကို ခံစားနေရသည်။ အတွင်းတိမ်ရောဂါသည် ခွဲစိတ်ကုသလိုက်ပါက လူကောင်းပကတိအမြင်အာရုံ ပြန်လည်ရရှိနိုင်သည်။ အတွင်းတိမ်ရောဂါအများစုသည် အခြားနောက်ဆက်တွဲရောဂါများ ဖြစ်လေ့ဖြစ်ထမရှိသော်လည်း ကံမကောင်းသူအချို့မှာ အတွင်းတိမ်မှတစ်ဆင့် ရေတိမ်ရောဂါအဖြစ်သို့ ရောက်ရှိသွားနိုင်သည်။ ရေတိမ်ရောဂါဖြစ်ပွားပြီဆိုပါက မျက်စိနီခြင်း၊ ကိုက်ခြင်း၊ ချက်ချင်းမှုန်ဝါးလာခြင်း စသည့်လက္ခဏာများဖြစ်ပေါ်လာကာ ယင်းအခြေအနေတွင် ချက်ချင်းခွဲစိတ်ကုသရန် လိုအပ်သည်။ အတွင်းတိမ်ရောဂါလက္ခဏာများမှာ အမြင်အာရုံမှုန်ဝါးခြင်း၊ သူငယ်အိမ်နေရာတွင် ဖြူနေခြင်း၊ ညဘက်တွင် အမြင်အာရုံ ပိုမိုဆိုးရွားခြင်း၊ စူးသောအလင်းဒဏ်ကို မခံနိုင်ခြင်း စသည်တို့ဖြစ်သည်။

**အထိုက်အလျောက်ကာကွယ်နိုင်**

မြန်မာနိုင်ငံတွင် မျက်စိဝေဒနာဖြစ်ပွားမှုကို ကြည့်လျှင် အသက်အရွယ်ကြီးမြင့်သူများ၌ အတွင်းတိမ်ရောဂါ၊ ကလေးသူငယ်များတွင် မျက်လုံးစွေစောင်းနှင့် မျက်လုံးကင်ဆာများ အဖြစ်များကာ အသက် (၂၀)မှ (၄၀) အရွယ် အလုပ်လုပ်ကိုင်နိုင်သူများတွင် လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများကြောင့် မျက်လုံးပေါက်ခြင်း သို့မဟုတ် မျက်ကြည်လွှာပေါက်ခြင်း စသည့်ရောဂါဖြစ်ပွားမှုများ များပြားသည်။ မြန်မာနိုင်ငံတွင် အဖြစ်များသည့် အတွင်းတိမ်ရောဂါနှင့်ပတ်သက်ပြီး ဖြစ်ပွားနိုင်ခြေရှိသော အကြောင်းရင်းများကို တတ်နိုင်သမျှ သတိပြုနေထိုင်ရမည်ဖြစ်သည်။ အသက်အရွယ်ကြီးမြင့်မှုကို မကာကွယ်နိုင်သော်လည်း မျှတသော အစာအာဟာရစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာရေး ကောင်းမွန်ကာအတွင်းတိမ်ရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်နိုင်ကြောင်း၊ UV (နေရောင်ဒဏ်)ကို ကာကွယ်ရန် နေရောင်ထဲသို့သွားလျှင် နေကာမျက်မှန်တပ်ဆင်ခြင်း၊ ဦးထုပ်၊ ထီးဆောင်းခြင်း စသည့်နေထိုင်မှုပုံစံ ပြောင်းလဲနေထိုင်ခြင်းဖြင့်လည်း အထိုက်အလျောက်ကာကွယ်နိုင်ကြောင်း ဆရာဝန်ကြီးများက တိုက်တွန်းထားသည်။

ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်စေရန်မှာ မျက်စိကျန်းမာရေးကို စစ်ဆေး၍ ကုသမှုခံယူရုံမှတစ်ပါး အခြားမရှိပေ။ သို့ရာတွင် ပြည်သူအချို့မှာ မျက်စိနှင့်ပတ်သက်သည့် ကျန်းမာရေးအသိအပေါ် အလေးမထားခြင်း၊ မျက်စိရောဂါနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များ မတတ်နိုင်ခြင်းတို့ကြောင့် အခက်အခဲများ ဖြစ်ပေါ်လေ့ရှိသည်။ မျက်စိရောဂါဆိုင်ရာ အသိပညာပေးမှုများကို ထိရောက်စွာ လုပ်ဆောင်သင့်သည်။ မျက်စိကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံးရှိ ပြည်သူများရရှိစေပြီး ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်မှုရှိမှသာ ကာကွယ်ကုသ၍ရသော မျက်စိကွယ်နှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။ မျက်စိရောဂါကုသမှုဆိုင်ရာ လှုံ့ဆော်မှုအားအရင်းအမြစ်များကို ဖွံ့ဖြိုးစေပြီး မျက်စိရောဂါ အသိပညာပေးသတင်းအချက်အလက်များကို ပြည်သူလူထုအတွင်း ထိရောက်စွာဖြန့်ဖြူးခြင်း၊ ကျေးလက်ဒေသရှိ ပြည်သူများပါမကျန် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုရရှိစေခြင်းတို့ကို အကောင်အထည်ဖော်နိုင်မှသာ မျက်စိကွယ်နှုန်းကို ကျဆင်းစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၂၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၃၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၈၃,၄၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၀၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၅၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၈၃,၅၀၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၇,၃၀၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁-၄-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၈၃,၅၀၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၇,၃၀၂ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်း ကျင်းပ

**ပုသိမ် ဧပြီ ၂**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းကို ယနေ့တွင် ပုသိမ်မြို့ ရောရှွေဝါခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့်က ငွေကြေးခဝါချမှုဆိုသည်မှာ ပြစ်မှုကျူးလွန်ရာမှ ရရှိသော ပစ္စည်း၊ ငွေကြေး၊ အကျိုးအမြတ် (ငွေမည်း) များကို ဥပဒေအရအရေးယူခြင်းမှ ရှောင်ရှားနိုင်ရန်နှင့် တရားဝင်ငွေဖြူအဖြစ် ထင်မှတ်စေရန်အတွက် မူလဇာစ်မြစ်၊ပိုင်ဆိုင်မှု၊တည်နေရာ၊ ပုံပန်းသဏ္ဌာန်တို့ကို ဖုံးကွယ်ရန် (သို့မဟုတ်) အသွင်ပြောင်းလဲရန် ရည်ရွယ်ပြီး ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်ခြင်းကို ဆိုလိုကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အလေးအနက်ထား ဆောင်ရွက်ရန် မှတ်ချက်ပြု လမ်းညွှန်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က သတင်းပို့အဖွဲ့အစည်းများ လိုက်နာရမည့်ကြိုတင်ကာကွယ်ရေးဆိုင်ရာပြဋ္ဌာန်းချက်များအား ဆွေးနွေးပို့ချခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အိမ်ခြံမြေအကျိုးဆောင်များနှင့် ရွှေလုပ်ငန်းရှင်များဆိုင်ရာ ညွှန်ကြားချက် (၁/၂၀၂၂)နှင့် (၂/၂၀၂၂)ကို ဆွေးနွေးပို့ချသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က Offsite Monitoring & Onsite Supervision ဆိုင်ရာ ဆွေးနွေးပို့ချခြင်းနှင့်အသိအမှတ်ပြုမှတ်ပုံတင် လျှောက်လွှာလျှောက်ထားခြင်းဆိုင်ရာ ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ယနေ့အထိ နွေစပါးစိုက်ဧက ၁၄၃၂ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး နွေစပါးသီးနှံစိုက်ဧက ၂၉၆၁၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရပြီး ဒေသခံတောင်သူများက နွေစပါးသီးနှံ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခု မတ်လဆန်းမှစတင်ပြီး မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးသီးနှံကို အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးလုပ်ကိုင်လျက် ရှိကြောင်းနှင့် နွေစပါးသီးနှံစိုက်ဧက ၁၄၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်၌ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများကို နွေစပါးစိုက်ပျိုးမည့် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေပေးခဲ့သဖြင့် ဒေသခံတောင်သူများက ဆည်ရေရရှိသည့်အချိန်မှ စတင်ကာ မိမိတို့၏ လယ်ယာမြေများကို နွေစပါးနှင့် အခြားနွေသီးနှံလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်၍ ထယ်ရေးညက်အောင်ထွန်ယက်ပြုပြင်ခြင်းများဆောင်ရွက်ကာ မတ်လဆန်းတွင် နွေစပါးသီးနှံကို စတင်စိုက်ပျိုး လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။

ဒေသခံတောင်သူများ နွေစပါးသီးနှံစိုက်ပျိုးရာ၌ အဆင်ပြေစေရန်အတွက် နွေစပါးစိုက်ပျိုးမှုတစ်ဧကလျှင် စိုက်ပျိုးစရိတ်နှင့်သွင်းအားစုပစ္စည်းဖိုး ငွေကျပ်နှစ်သိန်းနှုန်း ထောက်ပံ့ပြီး စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မဲဇလီရေလွှဲဆည်ရေဖြင့် တစ်မြို့နယ်လုံး နွေစပါးသီးနှံစိုက်ပျိုးမှုအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးမည့် နွေစပါးသီးနှံစိုက်ဧက ၁၅၀၀၀ အပါအဝင် စုစုပေါင်း နွေစပါးသီးနှံစိုက်ဧက ၂၉၆၁၈ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့အထိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းဖြင့် နွေစပါးစိုက်ဧက ၁၃၉၂ ဧကနှင့် ပုံမှန်နွေစပါး စိုက်ဧက ၄၀ စုစုပေါင်း နွေစပါးစိုက်ဧက ၁၄၃၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင်ဆီစက်က နေကြာနှင့် မြေပဲဆီများ ကြိတ်ခွဲဖြန့်ဖြူး

**ရွှေတောင် ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် ရုံးဖြတ်လမ်းရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင်ဆီစက်သည် နေကြာနှင့် မြေပဲများကို ကြိတ်ခွဲလျက်ရှိသည်။ ဆီကြိတ်ခွဲမှုအတွက် လိုအပ်သောကုန်ကြမ်းများကို ရွှေတောင်မြို့နယ်အတွင်းနှင့် ပြည်မြို့ရှိ ပွဲရုံများမှ ဝယ်ယူရရှိပြီး ကုန်ချောထုတ်လုပ်မှုအနေဖြင့် တစ်လလျှင် နေကြာဆီ ၂၃၄ ပိဿာနှင့် မြေပဲဆီ ၅၁၃ ပိဿာ ထွက်ရှိသည်။ ထွက်ရှိလာသော နေကြာဆီနှင့် မြေပဲဆီများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများနှင့်ချိတ်ဆက်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စားသုံးသူပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ်းရိုးတန်းဒေသများ ရေတိုက်စားမှုမှကာကွယ်ရန် အုန်းဆံခွံများကို အသုံးပြုလာ

မောင်သာယာ

**ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းဒေသများတွင်နေထိုင်ကြသည့်ဒေသခံများသည် ကမ်းခြေတိုက်စားမှုကို လျှော့ချနိုင်ရန်အတွက် အုန်းသီးမှရရှိသော ပစ္စည်းများကို အသုံးပြုနေကြပြီဖြစ်သည်။**

အုန်းဆံမျှင် အုန်းဆံခွံဟု သိထားကြသည့် အုန်းသီး၏အပြင်ဘက်ခွံမှအပိုင်းအစရှည်များကို အတားအဆီးများတည်ဆောက်ရာတွင် အခြားအရာများနှင့်ရောနှော၍ အသုံးပြုလျက်ရှိကြသည်။ လှိုင်းလုံးကြီးများကြောင့် ကမ်းခြေများ မျောပါပျက်စီးခြင်းမှကာကွယ်ရန် အတားအဆီးများကို တည်ဆောက်ကြသည်။ အုန်းသီးများကို အလွယ်တကူပေါပေါများများရနိုင်ပြီး သစ်သား၊ သံမဏိသို့မဟုတ် ကွန်ကရစ်ကဲ့သို့သော အခြားပစ္စည်းများဖြင့်တည်ဆောက်ရသည့် အတားအဆီးများထက် ကုန်ကျစရိတ် များစွာသက်သာသည်။

အုန်းဆံမျှင်များကို အဆင့်ဆင့်ပြုပြင်ပြီး ပိုမိုကြီးမားသောအပိုင်းများဖြစ်အောင် ပေါင်းစပ်ထားသည်။ ထိုအပိုင်းများကို ပိုက်ကွန်သဘောမျိုးဖြင့် ချုပ်ဆွဲထားလိုက်သည်။ ငါးဖမ်းပိုက်အဟောင်းများကိုလည်း အသုံးပြုနိုင်သည်။

အချို့သော ကမ်းရိုးတန်းထိန်းသိမ်းရေးစီမံကိန်းများတွင် မာကျောသောပစ္စည်းများထက် သဘာဝဖြေပ်စင်များဖြင့် ပြုလုပ်ထားသည့် ရှင်သန်နေသော ကမ်းရိုးတန်းများဖြစ်အောင် ဖန်တီးထားကြသည်။ ယင်းသို့ဖန်တီးထားမှုကို အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နက်ပကျွန်းမြို့နယ်ရှိ ရေတိုက်စားခံရသည့် မြစ်ကမ်းပါးတစ်လျှောက်တွင် တည်ဆောက်လျက်ရှိသည်။ ဒေါ်လာ ၁ ဒသမ ၃ သန်းကုန်ကျမည့် အဆိုပါစီမံကိန်းကို ကမ်းရိုးတန်းပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဖြစ်သော အမေရိကန် ကမ်းခြေဒေသဆိုင်ရာ လူ့အဖွဲ့အစည်းက ဗဟိုအစိုးရနှင့် ပြည်တွင်းငွေများရောနှောကာ ငွေကြေးထောက်ပံ့ပေးလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ခဲ့မှုကြောင့် ၂၀၁၂ ခုနှစ်တွင် စူပါမုန်တိုင်း စန္ဒီတိုက်ခတ်စဉ်အတွင်း ဆိုးဆိုးရွားရွားပျက်စီးခဲ့သည့် ဧရိယာများသည်



ကမ်းရိုးတန်းဒေသများကာကွယ်ပေးရန် အုန်းဆံခွံ အုန်းဆံမျှင်များ အသုံးပြုထားသည်ကို တွေ့ရစဉ်။

ယခုအခါ များစွာတိုးတက်ကောင်းမွန်လာနေပြီဖြစ်သည်။

"လှိုင်းရိုက်ခတ်လို့ ကမ်းရိုးတန်းတွေပျက်စီးဆုံးရှုံးရတာတွေ လျှော့ချဖို့ ကျွန်တော်တို့ အမြဲကြိုးစားနေပါတယ်။ နောက်ပြီး တတ်နိုင်သမျှ သဘာဝအခြေခံဖြေရှင်းနည်းတွေကို အသုံးပြုရတာကိုလည်း နှစ်သက်ပါတယ်" ဟု ကမ်းရိုးတန်းပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အကြီးအကဲ တင်ဒီလီယံဟမ်းက ပြောကြားသည်။

အုန်းသီးကို အခြေခံပြုလုပ်ထားသည့် အုန်းဆံတံတိုင်း အတားအဆီးများသည် အချိန်ကြာလာသည်နှင့်အမျှ အန္တရာယ်မရှိဘဲ သဘာဝအတိုင်း ဆွေးမြည့်ပျက်စီးသွားစေရန် ဖန်တီးပြုလုပ်ထားခြင်းဖြစ်သည်။ သို့သော်လည်း အုန်းဆံတံတိုင်းကို မပြုလုပ်မီ ကမ်းစပ်ရှိအပင်များနှင့် မြက်များကို အသုံးပြုလိုပါက ကြိုတင်အစေ့ထုတ်ထားရမည်ဖြစ်သည်။ ထိုအပင်များကို အုန်းဆံတံတိုင်းထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်သော နေရာများတွင်လည်း ထည့်ထားနိုင်သည်။

ဘော်စတွန်မြို့တွင်လည်း အုန်းဆံတံတိုင်း စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းတွင် နော့အိစတန်းတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ဂျူလီယာ ဟော့ကင်းစ်သည် အုန်းဆံများ၊ သစ်သားပြားများနှင့် အခြားပစ္စည်းများကို အသုံးပြု၍ လှိုင်းများ၏ အင်အားကို နှေးကွေးစေရန် ရေပေါ် အတားအဆီးတစ်ခုကို တည်ဆောက်လျက်ရှိသည်။

စမ်းသပ်စီမံကိန်းတစ်ခုတွင် ဘော်စတွန်မြို့အနီးတစ်ဝိုက်ရှိ ရေလမ်းကြောင်းများတွင် အုန်းဆံတံတိုင်းလေးခုရှိသည်။ ဂျူလီယာသည် ပိုမိုကျယ်ပြန့်သော ကမ်းရိုးတန်းဧရိယာများကို ကာကွယ်သွားရန် ဆန္ဒရှိနေသကဲ့သို့ ယခုအချိန်ထိ သူမြင်နေရသောရလဒ်များကိုလည်း ကျေနပ်နေသည်။ အုန်းဆံတံတိုင်းများသည် ငွေကြေးအကုန်အကျမရှိကြောင်းနှင့် စွန့်ပစ်လိုက်ရမည့်အရာများကို အမှန်တကယ်အကျိုးရှိရှိ ပြန်လည်အသုံးပြုခြင်းဖြစ်ကြောင်း သူကပြောကြားသည်။

အိစ်ပရိဗီဒန့်မြို့ ရော့ဒ်ကျွန်းရှိ စီမံကိန်းနှစ်ခုသည် ၂၀၂၀ ပြည့်နှစ်တွင် အုန်းသီးကို အခြေခံအသုံးပြုခဲ့သည်။ နောက်နှစ်တွင် နယူးယောက်၏ ဂျမေကာပင်လယ်အော်ရှိ ပျက်စီးနေသော ကမ်းရိုးတန်း ၇၃၁ မီတာကို အုန်းဆံမျှင်များပါဝင်သော စီမံကိန်းမှ တစ်ဆင့် ကာကွယ်တားဆီးနိုင်ခဲ့သည်။ အလားတူစီမံကိန်းများကို ဒီလာဝဲလ်ပြည်နယ်နှင့် တက္ကဆက်ပြည်နယ်တို့တွင်လည်း ပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အုန်းသီးထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁၇ သန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။ ဘန်ဒေါင်းနည်းပညာတက္ကသိုလ်မှ အဏ္ဏဝါဗေဒသိပ္ပံပညာရှင်များက အနောက်ဂျာဗားရှိ ရွာတစ်ရွာ၌ ၂၀၁၈ ခုနှစ်တွင် ပင်လယ်တံတိုင်း တည်ဆောက်ရာတွင် အုန်းဆံခွံ အုန်းဆံမျှင်များကို အသုံးပြုခဲ့ကြသည်။

အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် ဆီနီဂေါနိုင်ငံ တောင်ပိုင်း ဒိုင်းအို့ကျွန်းပေါ်ရှိ ဒေသခံပြည်သူများသည်လည်း ပျက်စီးနေသောကမ်းခြေများကို ပြန်လည်ပြုပြင်ရန်အတွက် သစ်သားများနှင့် အုန်းဆံခွံ အုန်းဆံမျှင်များကို အသုံးပြုလျက်ရှိကြသည်။

သို့သော်လည်း အုန်းဆံခွံ အုန်းဆံမျှင်များဖြင့် ပြုလုပ်သည့် အတားအဆီးများသည် အမြဲတမ်းအလုပ်ဖြစ်နေသည်မဟုတ်ပါ။ ၂၀၁၆ ခုနှစ်တွင် မက်ဆာချူးဆက်ပြည်နယ်ရှိ ဖီးလဇ်နက်ခ်တောရိုင်းတိရစ္ဆာန်များ ခိုလှုံသည့်နေရာ၌ ရေတိုက်စားခဲ့သော ဆားငန်ရေတစ်ဝိုက်တွင် အတားအဆီးများ တည်ဆောက်ခဲ့သည်။ ရေတိုက်စားမှုကို လျှော့ချရန် ကြိုးစားခဲ့သော်လည်း ပြင်းထန်သည့် လှိုင်းလုံးများကြောင့် ကြာရှည်မခံဘဲ ပျက်စီးခဲ့ရသည်။

ဆူဇန် ဘဲလ်လင့်ကမ်ပီသည် ဖီးလဇ်နက်ခ်တောရိုင်းတိရစ္ဆာန်များ ခိုလှုံရေးစခန်း၏ အကြီးအကဲတစ်ဦးဖြစ်သည်။ "ဒီစီမံကိန်းက ဘာလုပ်ချင်သလဲ၊ ဘယ်လိုပုံစံနဲ့ လိုက်လျောညီထွေဖြစ်အောင်လုပ်မလဲဆိုပြီး တကယ်ကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ အုန်းဆံခွံနဲ့ အတားအဆီးတည်ဆောက်ရတာ အချို့နေရာတွေမှာတော့ အလုပ်ဖြစ်ပါတယ်။ အချို့နေရာတွေမှာတော့ အလုပ်မဖြစ်ပါဘူး" ဟု သူကပြောကြားသည်။ အလားတူပင် ကနေဒါနိုင်ငံရှိ ကျွန်းတစ်ကျွန်းတွင် မကြာသေးမီက အုန်းဆံခွံများကို အသုံးပြုပြီး အတားအဆီးတစ်ခုတည်ဆောက်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ပျက်စီးခဲ့ရသည်။

**ကိုးကား - Material from Coconuts Helps Protect Coastal Areas ကို ဘာသာပြန်သည်။**

**"အုန်းသီးကို အခြေခံပြုလုပ်ထားသည့် အုန်းဆံတံတိုင်း အတားအဆီးများသည် အချိန်ကြာလာသည်နှင့်အမျှ အန္တရာယ်မရှိဘဲ သဘာဝအတိုင်း ဆွေးမြည့်ပျက်စီးသွားစေရန် ဖန်တီးပြုလုပ်ထားခြင်းဖြစ်သည်။ သို့သော်လည်း အုန်းဆံတံတိုင်းကို မပြုလုပ်မီ ကမ်းစပ်ရှိအပင်များနှင့် မြက်များကို အသုံးပြုလိုပါက ကြိုတင်အစေ့ထုတ်ထားရမည်ဖြစ်သည်။ ထိုအပင်များကို အုန်းဆံတံတိုင်းထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်သော နေရာများတွင်လည်းထည့်ထားနိုင်"**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြည့်သွင်းပေးပါရန်။

❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။


❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# အီတလီအစိုးရက နိုင်ငံတွင်း AI နည်းပညာသုံး ChatGPT သုံးစွဲမှု ယာယီပိတ်ပင်




**ရောမ ဧပြီ ၂**

အီတလီအစိုးရက AI နည်းပညာသုံး ChatGPT သည် ပြည်တွင်းဥပဒေများကို ချိုးဖောက်နိုင်သည်ဟုယူဆပြီး နိုင်ငံအတွင်း ChatGPT အသုံးပြုမှုကို ယာယီပိတ်ပင်မည်ဖြစ်ကြောင်း ကြေညာသည်။

AI နည်းပညာသုံး ChatGPT အသုံးပြုမှုကိုပိတ်ပင်ရန် နိုင်ငံ၏အချက်အလက် ကာကွယ်ရေးဆိုင်ရာ အာဏာပိုင်များက မတ် ၃၁ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ChatGPT အသုံးပြုသူများ၏ ငွေပေးချေမှုဆိုင်ရာ အချက်အလက်များ အပါအဝင် သတင်းအချက်အလက် ပေါက်ကြားမှု အစီရင်ခံစာများကို မတ်လ ၂၀ ရက်တွင် လက်ခံရရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ChatGPT ကိုဖန်တီးတီထွင်ခဲ့သည့် OpenAI ဆော့ဖ်ဝဲသည် အသုံးပြုသူများအား နိုင်ငံအတွင်း ချမှတ်ထားသည့် ဥပဒေနှင့်ညီညွတ်သည့် အချက်အလက်များကို ဖော်ပြပေးခြင်းမရှိသည့်အပြင် သုံးစွဲသူများ၏ အသက်အရွယ်ကန့်သတ်ချက်ကိုလည်း တိကျခိုင်မာစွာ သတ်မှတ်ထားခြင်းမရှိကြောင်း အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုတစ်ခုအရ သိရသည်။

ထို့ပြင် OpenAI ဆော့ဖ်ဝဲသည် ဉာဏ်ရည်တုနည်းပညာကို ဆန်းသစ်တီထွင်မှုအတွက် အချက်အလက်အများအပြားကို စုဆောင်းထားပုံရပြီး ကိုယ်ရေးကိုယ်တာအချက်အလက် ကာကွယ်ရေးဆိုင်ရာ အီတလီနိုင်ငံ၏ ဥပဒေများကိုလည်း ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

OpenAI သည် သုံးစွဲသူများ၏ အသက်အရွယ်ကန့်သတ်ချက်ကို တိကျစွာ သတ်မှတ်နိုင်ရန်နှင့် ဥပဒေနှင့် ညီညွတ်မှုရှိသည့် အချက်အလက်များကိုသာ ဖော်ပြပေးရန် ပြင်ဆင်သတ်မှတ်ချိန် ရက်ပေါင်း ၂၀ ရရှိမည်ဖြစ်သည်။ ယင်းသို့ ပြန်လည်ပြင်ဆင် သတ်မှတ်ခြင်းမရှိပါက ဒဏ်ငွေ ယူရို သန်း ၂၀ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇ သန်း) ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း အီတလီအာဏာပိုင်များက ဆိုသည်။

အဆိုပါ ဒဏ်ကြေးငွေပမာဏသည် OpenAI ၏ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်လုပ်ငန်းလည်ပတ်မှု၏ လေးရာခိုင်နှုန်းနှင့် ညီမျှမှုရှိကြောင်း သိရသည်။

OpenAI ဆော့ဖ်ဝဲသည် အီတလီနိုင်ငံ၏ ကိုယ်ရေးကိုယ်တာဥပဒေများကို လိုက်နာမည်ဖြစ်သော်လည်း အီတလီနိုင်ငံအတွင်း ChatGPT သုံးစွဲရန် ကမ်းလှမ်းမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း OpenAI အမှုဆောင်အရာရှိချုပ် ဆမ်အလ်မန်က ဆိုသည်။

အီတလီနိုင်ငံသည် ChatGPT ကို အရေးယူသည့် ပထမဆုံး အနောက်နိုင်ငံဖြစ်လာကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## မြောက်ဝင်ရိုးစွန်းဒေသရှိ ပြည်သူများ ၂၀၂၆ ခုနှစ်တွင် အင်တာနက် သုံးစွဲခွင့် ရရှိမည်

**မော်စကို ဧပြီ ၂**

ရုရှားအာကာသယာဉ် Skif ၏ စွမ်းဆောင်မှုကောင်းများကြောင့် မြောက်ဝင်ရိုးစွန်းဒေသရှိ ပြည်သူများသည် ၂၀၂၆ ခုနှစ်တွင် အင်တာနက်သုံးစွဲခွင့် ရရှိမည်ဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် သတင်းဌာနက မတ် ၃၁ ရက်တွင် သတင်းဖော်ပြသည်။

၂၀၂၆ ခုနှစ်မှစတင်ပြီး Sphere စီမံကိန်း၏ Skif ဂြိုဟ်တုများသည် အာတိတ်ဒေသတွင် အင်တာနက်အသုံးပြုခွင့်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြောက်ဝင်ရိုးစွန်းဒေသ၌ အင်တာနက်သုံးစွဲနိုင်ခြင်း မရှိသေးပေ။

**အဆမတန်ကြီးမား**

အမေရိကန်ဂြိုဟ်တုဖုန်းများကို အသုံးပြု၍ ပြည်သူများသည် အင်တာနက်ကို သုံးစွဲနိုင်သော်လည်း ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်သို့ ဝင်ရောက်မှုမှာ နှေးကွေးပြီး သုံးစွဲခွင့်အဖိုးအခမှာ အဆမတန်ကြီးမားလှသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ရုရှားနိုင်ငံက Soyuz-2.1b လွှတ်တင်ယာဉ်ကို အသုံးပြု၍ Skif-D ဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ မကြာမီအချိန်တွင် Skif ဂြိုဟ်တု ရှစ်လုံးသည် အစီအစဉ်တကျ ကြယ်စုတစ်ခုအဖြစ် ပတ်လမ်းထဲသို့ ရောက်ရှိသွားဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တရုတ်နိုင်ငံ ဝူဟန်မြို့၌ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာပြပွဲ ဧပြီ ၇ ရက်တွင် ကျင်းပမည်

**ပေကျင်း ဧပြီ ၂**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေပြည်နယ် မြို့တော်ဝူဟန်၌ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာပြပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးဆိုင်ရာပြပွဲသည် (၅)ကြိမ်မြောက်ဖြစ်ပြီး လေးရက်ကြာကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးဆိုင်ရာပြပွဲသည် ကျန်းမာရေးဆိုင်ရာလုပ်ငန်းပေါင်း ၁၀၀၀ ကျော်အပြင် ဆေးဘက်ကျွမ်းကျင်ပညာရှင်များ၊ ဆေးရုံအုပ်ကြီးများနှင့် ဆေးဝန်ထမ်းများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သည်။

ဆေးဝါးပစ္စည်းများ၊ ဇီဝဓာတုဆေးဝါးနှင့် တိုင်းရင်းဆေးပညာစသည့် ဆေးဝါးနယ်ပယ်များက ပြခန်းပေါင်း ၁၀၀၀ ကျော် ပြသသွားမည်ဖြစ်သည်။

ပြပွဲ၌ ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာအလိုက် ဆွေးနွေးပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပြပွဲကို ဟူဘေပြည်နယ်အစိုးရ၊ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် ဝူဟန်မြူနီစီပယ်အစိုးရတို့ ပူးပေါင်းကျင်းပမည်ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အီရတ်နိုင်ငံက မတ်လအတွင်း ရေနံစိမ်း စည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင်ခဲ့

**ဘဂ္ဂဒက် ဧပြီ ၂**

အီရတ်နိုင်ငံသည် မတ်လအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၀ ဒသမ ၉၁ သန်း တင်ပို့နိုင်ခဲ့ကြောင်းနှင့် ယင်းသို့တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံရရှိခဲ့ကြောင်း အီရတ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ဧပြီ ၁ ရက်တွင် ကြေညာခဲ့သည်။

မတ်လအတွင်းက အီရတ်နိုင်ငံ၏ ရေနံစိမ်း ပျမ်းမျှဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃၇ ဒေါ်လာ ရှိခဲ့ကြောင်း အီရတ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်နိုင်ငံသည် ဘာဆရာဆိပ်ကမ်းမှတစ်ဆင့် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ ရေနံမြေများမှ ရေနံစည်ပေါင်း ၉၈ ဒသမ ၈၇ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်းနှင့် မြေထဲပင်လယ်ဒေသရှိ တူရကီဆိပ်ကမ်းမှတစ်ဆင့် ကာကွတ်ပြည်နယ်မြောက်ပိုင်းမှ ရေနံစည်ပေါင်း နှစ်သန်းနီးပါး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ရေနံစိမ်းဈေးနှုန်းသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်း၌ ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့ဈေးကွက်တွင် မြင့်တက်လျက်ရှိပြီး အီရတ်နိုင်ငံနှင့် အခြားသော ရေနံတင်ပို့သည့် နိုင်ငံများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုအပေါ်တွင် အလွန်အမင်းမှီခိုနေရပြီး နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ရေနံစိမ်းတင်ပို့မှုမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သိသိသာသာမြင့်တက်

**နယူးဒေလီ ဧပြီ ၂**

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(၂၀၂၂ ခုနှစ် ဧပြီမှ ၂၀၂၃ မတ်အထိ)ကာလအတွင်း တန်ဖိုးအားဖြင့် အိန္ဒိယရူပီး ၁၆၀ ဘီလီယံနီးပါး(အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄ ဘီလီယံ)ရှိခဲ့ခြင်းကြောင့် သိသိသာသာ မြင့်တက်မှုရှိခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၁ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယရူပီး ဘီလီယံ ၃၀ ခန့်(အမေရိကန်ဒေါ်လာ ၃၆၅ သန်း)မြင့်တက်လာခဲ့ကြောင်းနှင့် ယင်းသို့မြင့်တက်မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နောက်ပိုင်း ၁၀ ဆကျော် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကာကွယ်ရေးပစ္စည်း ထုတ်ကုန်တင်ပို့လျက်ရှိသည့် လုပ်ငန်းပေါင်း ၁၀၀ ရှိပြီး နိုင်ငံပေါင်း ၈၅ နိုင်ငံထက်မနည်း ကာကွယ်ရေးပစ္စည်းများ တင်ပို့လျက်ရှိကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

## ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံး အသင်း(အမ်အိုင်အေစီ) International Arbitration Centre(MIAC) Incorporated မှ ကြီးမှူးဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် MIAC(ဗဟို)သင်တန်းခန်း၌ ယမန်နေ့ ညနေ ၃ နာရီခွဲက ကျင်းပခဲ့သည်။



အခမ်းအနားတွင် MIAC(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းတာဝန်ခံ ဦးကျူးခေါင်က ဆက်လက်ဖွင့်လှစ်မည့် Advance နှင့် Arbitrator Course သင်တန်းများ၌ စင်ကာပူ၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံများမှ Arbitrator များ ဖိတ်ကြား၍ သင်ကြားပို့ချရန် စီစဉ်ထားရှိကြောင်း၊ အရည်အချင်းပြည့်ဝပြီး ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်ပြည့်စုံသော ခုံသမာဓိလူကြီးများ ပေါ်ထွက်လာရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး MIAC နှင့်ပတ်သက်၍ သင်တန်းသားများ သိလိုသည်များ၊ မေးမြန်းချက်များကို ဖြေကြားခဲ့ပြီး သင်တန်းနည်းပြဆရာကြီး ဆရာမကြီးတို့က သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(လှုပ်စစ်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၈ ဒသမ ၄ ကီလို သိမ်းဆည်းရမိ

နေပြည်တော် မေ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၈ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



စိုင်းဦးမောင်အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ကာလမတိုင်မီ လူငယ်များအား စိတ်ပြောင်းဆေးဝါး Happy Water များ ရောင်းချလျက်ရှိကြောင်း သတင်းအရ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် ည ၈ နာရီခွဲက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းရရှိထားသူ စိုင်းဦးမောင် ဆိုင်ကယ်ဖြင့် ရောက်ရှိလာ၍ ရှာဖွေခဲ့ရာ ၎င်းထံမှ COLLAGEN စာတန်းပါ ပလတ်စတစ်အိတ်များဖြင့် ထည့်လျက် စိတ်ပြောင်းဆေးဝါး Happy Water ၂ ကီလိုနှင့် Royal-D စာတန်းပါ ပလတ်စတစ်အိတ်များဖြင့်ထည့်လျက် စိတ်ပြောင်းဆေးဝါး Happy Water ၆ ဒသမ ၄ ကီလို စုစုပေါင်း ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၈ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်လာပြီး တာချီလိတ်မြို့ပေါ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလ၌ လူငယ်များကို ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူ လူငယ်များကို အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ရောင်းချမှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုထက် ပိုမိုထိရောက်စွာ တားဆီးနှိမ်နင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၁၂)ရပ်ကွက် အောင်မင်္ဂလာလမ်းရှိ မောင်မောင်ကျော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ညနေ ၄ နာရီတွင် ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပေါင်းကူးလမ်းနေ နိုင်ချမ်းမြေ့အောင်(ခ)ကိုချမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၃၈ ပြား ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မောင်မောင်နု(ခ)မိုဟာမက်ရှစ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၅-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၂၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၉:၃၀ ချစ်စရာအတာသင်္ကြန်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှုအလှတရား
- ၁၁:၃၅ ဘဝနှင့်အနုပညာ
- ၁၂:၃၀ ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့်အခြေခံပညာအလယ်တန်းအဆင့်(Grade-9)ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့်ကျောင်းသား/သူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် အသိပေးနှိုးဆော်ချက်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဒိုက်တင်နံပါတ် ၁၅၀၀'
- ၁၆:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၆:၄၅ ဒါသင်္ကြန်အဆိုအကများ
- ၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ မတ်လ)(တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ New Future Program
- ၁၉:၀၀ ဒါသင်္ကြန်အဆိုအကများ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၈၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဒါသင်္ကြန်အဆိုအကများ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၃)

### mitv

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:08 Tour Around in Myeik Archipelago (Epi-1) Bailey and Smart Islands
- 07:26 Bagan: The Land of Pagodas
- 07:51 Myanmar Puppet
- 08:01 News
- 08:27 Faces Of ASEAN (Myanmar)
- 08:35 Myanmar Childhood Games (Episode-3)
- 08:44 Thingyan Songs & Dances
- 09:01 The Largest Nunnery In Myanmar
- 09:31 Popa Flat-Topped Hill (Taung-Ka-Lat)
- 09:35 Discovering Tribes: Pre Kayaw (Their Life and Customs)
- 10:01 News
- 10:26 Topical Topics

### MRTV NRC

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ကျွဲကောသီး၏အကျိုးကျေးဇူး

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
Arakan Talented Star တေးသံရှင်ဒိုးကလေး

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ရဝမ်ဝတ်စားဆင်ယင်ပုံ

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
တောင်ပေါ်ဒေသမှအော်ဂဲနစ်စိုက်ခင်း

**ဝကကာကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပိန်းပုတ်ဝက်သားဟင်း

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၄)

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**ချင်း(လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)**
တန်ပက်လက်မြို့နယ်ညီအစ်ကိုများရဲ့ရိုးရာပလွေဂီတ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ စပါးသီးနှံသုတေသနဗဟိုဌာန၏ သုတေသနခရီးစဉ်
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၄၅ နိုင်ငံတကာနည်းပညာ တို့လယ်တောမှာကျင့်သုံးပါ
- ၀၈:၂၀ ထုတ်လုပ်တီထွင်ဝါမျိုးသစ်တွင်
- ၀၈:၅၅ စတော်ဘယ်ရီစိုက်ပျိုးရေး
- ၀၉:၂၀ အချိုဓာတ်မြင့်မားပိုကြံရွက်ချုံကြပါစို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review/ Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ကြက်သွန်စိုက်ခင်းအတွင်းသို့ Drone ဖြင့် Drop Bomb ပစ်ချတိုက်ခိုက်၊ အပြစ်မဲ့ကျေးရွာနေပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဗုံးစထိမှန် ဒဏ်ရာရရှိ

PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ




နေပြည်တော် မေ ၂

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်နှင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားတွင် အသုံးပြုရန်အတွက် ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း၊ လုယက်ယူဆောင်ခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ ကြက်သွန်စိုက်ခင်း၌ ကျေးရွာနေပြည်သူများ ကြက်သွန်နုတ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါကြက်သွန်စိုက်ခင်း ပိုင်ရှင်ထံမှ ဆက်ကြေးတောင်းခံရာ ဆက်ကြေးမရသဖြင့် Drone ဖြင့် ကြက်သွန်ခင်းအတွင်းသို့ Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ရာ ကြက်သွန်နုတ်နေသည့် အပြစ်မဲ့ကျေးရွာနေပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ကျေးလက်ဆေးပေးခန်းသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက် ရှိကြောင်း သိရသည်။

ထိုသို့ အေးချမ်းစွာ နေထိုင်၊ လုပ်ကိုင်စားသောက်ပြီး မိမိစီးပွားရေး မိမိဆောင်ရွက်နေသည့် အပြစ်မဲ့ အရပ်သားပြည်သူများအား အကြောက်တရားများ လွှမ်းမိုးလာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ ကော့သောင်းမြို့သို့ ပြေးဆွဲနေသော ယာဉ်မောင်း ဦးကျော်စိုးလွင် မောင်းနှင်သည့် မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်သည် ခရီးသည် ၁၆ ဦးအား တင်ဆောင်၍ ထွက်ခွာလာရာ မေ ၁ ရက် ည ၈ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နှင့် ကမ္မလိုင်းကျေးရွာအကြားရှိ မိုင်တိုင်အမှတ်(၈၄/၁)နှင့် (၈၄/၂)ကြား နေရာ၌ CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူ အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး သံဃာတော် နှစ်ပါးနှင့် အမျိုးသား နှစ်ဦးတို့ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာရရှိသူများအား တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်သေကျေနိုင်သည်အထိ စက်ဆုပ်ရွံရှာဖွယ် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■



PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ခရီးသွားပြည်သူတစ်ဦးကို တွေ့ရစဉ်။




ရန်ကုန်မှ ကော့သောင်းသို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်နေရာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ သူရအောင်(ခ)သူရဲ(ခ)ဘီလူး(ခ)ငရဲသည် ၎င်းအသုံးပြုသည့် “Nga Ye” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၄) ရပ်ကွက်နေ အောင်ကျော်ညွန့်(ခ)အောင်အောင်သည် ၎င်းအသုံးပြုသည့် “Aung Aung” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပဲခူး မေ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ မတ် ၃၁ ရက်က သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် သာယာဝတီမြို့ သဲဖြူကျေးရွာရှိ ဦးဇော်ထွန်းဝင်း၏ စီးပွားဖြစ် ဒေသကြက်မွေးမြူနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တိရစ္ဆာန်အစာအဖြစ် နေဗီယာမြက်စိုက်ပျိုးနိုင်ရေး၊ ဒေသကြက်မွေးမြူသူအစုအဖွဲ့များ ဖွဲ့စည်း၍ မွေးမြူရေးချေးငွေရရှိနိုင်ရေးနှင့် တိရစ္ဆာန်ရောဂါကူးစက်မှုမရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုရှိ သက်တမ်းတို အထွက်တိုး ရက်(၉၀)နှမ်းစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာအုပ်စုရှိ ရတနာတိုး နွေစပါးမျိုးစေ့ထုတ်စိုက်ခင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသီးနှံအလိုက် ပံ့ပိုးပေးသွားမည့်အစီအစဉ်များ၊ ကြဲခင်းစနစ်လျှော့ချရေးနှင့် စပါးစိုက်ပျိုး၍မရသည့် မြေနေရာများတွင် အထွက်တိုး ဗီယက်နမ်မျိုးမြေပဲအား စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**လမ်းညွှန်မှာကြား**

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ကြို့ကုန်း(၁) ကျေးရွာအုပ်စုရှိ ကုန်းမြင့်လယ်မြေများအား ရေသွယ်မြောင်းတူးဖော်၍ ရာသီအလိုက်သီးနှံများ စိုက်ပျိုးနိုင်ရေး တွက်ချက်တင်ပြရန်နှင့် မင်းလှ-မိုးညို လမ်းပိုင်းအား ပြန်လည်ပြုပြင်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသခံတောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ဧရာဝတီမြစ်နှင့် မြစ်မခမြစ်ကြားရှိ မြေနုကျွန်းဟောင်းများတွင် ဆီထွက်သီးနှံ (နေကြာ၊ မြေပဲ၊ နှမ်း)တို့ စိုက်ပျိုးနိုင်ရေး မြေပြင်ရှင်းလင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖော်ဆောင်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းတွက်ချက်တင်ပြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက(မိုးညို)သို့ သွားရောက်၍ အခြေခံပညာမူလတန်း ဆရာ ဆရာမများ စွမ်းရည်မြှင့်မွမ်းမံသင်တန်းတက်ရောက်သင်ကြားနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းတွင်းပတ်လမ်း ကွန်ကရစ်ခင်းပေးရန်၊ ကျောင်းခြံစည်းရိုး ပြန်လည်ပြင်ဆင်ပေးရန်၊ စာသင်ခုံများ ပြန်လည်ပြုပြင်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး ကလေးကစားကွင်းအသစ်တစ်ခု ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ သင်တန်းသား ဆရာ ဆရာမများအတွက် ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် ထိန်တောတိုက်နယ်ဆေးရုံသို့ ရောက်ရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ထိန်တောဈေး ပြန်လည်အဆင့်မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မိုးညို-ထိန်တော-လက်ပံတန်းလမ်းတစ်လျှောက်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးများသည့်ဒေသဖြစ်၍ ကွန်ကရစ်လမ်းခင်းသည့် လမ်းဘေး ဝဲ/ယာတစ်လျှောက် လမ်းမြေသားလျှောကျမှုမဖြစ်စေရေး Step Berm အား သတ်မှတ်စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လဲချားမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



လဲချား မေ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ဟိုနောင်အွမ်ကျေးရွာနှင့် နောင်ဖိန်းကျေးရွာများသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဟိုနောင်အွမ်ကျေးရွာတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၇ သိန်းဖြင့် အသင်းသား အသင်းသူ ၈၂ ဦး၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် နောင်ဖိန်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ် ၅၄၇ သိန်းဖြင့် အသင်းသား အသင်းသူ ၁၇၁ ဦးမှ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက အဆိုပါကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဟိုနောင်အွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ နောင်ဖိန်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်းကောင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာနှစ်ရွာရှိ အသင်းသား အသင်းသူ ၂၆၃ ဦးအား ရန်ပုံငွေကျပ် ၁၀၃၄ သိန်းအထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၄၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၅ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၅၀ | ၂၃၈၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၇ | ၂၀၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၅၀ |
| HSD (500 ppm) | ၁၉၆၁ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်း ကချင်ပြည်နယ်အပိုင်း

ခရမ်းစိုးမြင့်



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားကားလမ်းတစ်နေရာကိုတွေ့ရစဉ်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၆) အရ ဗန်းမော်ခရိုင်၊ မြစ်ကြီးနားခရိုင်တို့ကိုပေါင်းစပ်၍ ကချင်ပြည်နယ်အဖြစ် ၁၀-၁-၁၉၄၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကာ ထိုနေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခေါ်တွင်ခဲ့သည်။

ယခုအခါ ကချင်ပြည်နယ်တွင် ဆင်ဘို၊ ရှင်ဗွေယန်၊ ဆဒုံး၊ ကံပိုင်တည်၊ ပန်ဝါ၊ ဟိုပင်၊ ကာမိုင်း၊ နမ္မတီး၊ အင်းတော်ကြီး၊ နန်းမွန်း၊ နန်းမား၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ မြို့လှနှင့် ပန်နန်းဒင်ဟူ၍ မြို့ ၁၅ မြို့အပြင် ခရိုင် လေးခရိုင်၊ မြို့နယ် ၁၈ မြို့နယ်၊ မြို့ ၃၃ မြို့၊ ရပ်ကွက်ပေါင်း ၁၇၈ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၈၇ အုပ်စု၊ ကျေးရွာပေါင်း ၂၅၀၇ ရွာရှိသည်။

**စုစုပေါင်း ၆၉၂၉ စင်းတို့ကို ဖောက်လုပ်တည်ဆောက်**

ထိုသွေးချင်းတို့၏ ကချင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်လမ်းဦးစီးဌာနတို့က လမ်းပေါင်း ၅၆ လမ်း၊ မိုင်ပေါင်း ၂၁၈၀ မိုင် ၅ ဖာလုံနှင့် တံတား ပေ ၁၈၀ အထက် တံတားကြီး ၆၄ စင်း၊ ပေ ၁၈၀ အောက် (Box Culvert အပါအဝင်) တံတား ၆၈၃၅ စင်း၊ စုစုပေါင်း ၆၉၂၉ စင်းတို့ကို ဖောက်လုပ်တည်ဆောက် ထိန်းသိမ်းပြုပြင်ပေးလျက်ရှိသည်။

လမ်းပေါင်း ၅၆ လမ်းရှိသည့်အနက် မန္တလေး-လားရှိုး- ဗန်းမော်-မြစ်ကြီးနားလမ်း ကချင်ပြည်နယ်အပိုင်းသည် အရှည် ၁၇၄ မိုင် ၃ ဖာလုံရှိပြီး အဓိကဆက်သွယ်သွားလာသော ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းသည် အရှည် ၁၁၆ မိုင်ဖြစ်သည်။ လက်ရှိလမ်းအမျိုးအစားမှာ AC လမ်း ၆၂ မိုင်၊ ကတ္တရာလမ်း ၄၀ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၃၉ မိုင်၊ အမာခံလမ်း ၃၃ မိုင်ဖြစ်သည်။ ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းသည် ယခင်က AC လမ်းအနည်းငယ်သာရှိပြီး ကျန်လမ်းပိုင်းများမှာ ၁၈ ပေအကျယ် ပြောင်းဖူးစေ့ကျောက်စီလမ်းအမျိုးအစားများဖြစ်သည်။ လမ်းဦးစီးဌာနအနေဖြင့် မူလ ၁၈ ပေအကျယ် ပြောင်းဖူးစေ့ကျောက်စီလမ်းကို ၂၄ ပေအကျယ် AC လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၁ - ၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ် AC လမ်း ၂ မိုင် ၄ ဖာလုံ ခင်းခဲ့ပြီး ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ် AC လမ်း ၁၇ မိုင် ၂ ဖာလုံ ဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မြစ်ကြီးနားမြို့မှ နန်ဆန်ယန်ကျေးရွာအနီးအထိလည်းကောင်း၊ ဗန်းမော်မြို့မှ လဂျားယန်အထိလည်းကောင်း ကတ္တရာကွန်ကရစ် AC လမ်း၊ ကတ္တရာလမ်းများအဖြစ် တစ်ဆက်တစ်စပ်တည်း အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းလမ်းပိုင်းပေါ်ရှိ ဝိုင်းမော်မြို့တွင်း၊ ဒေါ့ဖုန်းယန်မြို့တွင်း၊ မိုးမောက်မြို့တွင်းနှင့် ဗန်းမော်မြို့တွင်းလမ်းပိုင်းများ AC လမ်းများ ဖြစ်သွားမည်ဖြစ်သည်။

**နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီ**

တံတားများကဏ္ဍတွင် ဒဘက်ယန်တံတား ပေ ၄၈၀၊ မလိယန်တံတား ပေ ၃၂၀ နှင့် နန်ဆန်ယန်တံတား ပေ ၄၀၀ တို့ကို မူလတစ်လမ်းသွား ဘေလီတံတားအဆင့်မှ ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်ရည်ရှိသော နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများအဆင့်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ဧရာဝတီမြစ်ကူးတံတား ဗလမင်းထင်တံတား အမှတ် (၁) တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကာ တံတားခံနိုင်ဝန် လျော့နည်းလာခြင်း၊ မော်တော်ယာဉ်သွားလာမှုများပြားလာခြင်းတို့ကြောင့် ဗလမင်းထင်တံတား အမှတ် (၂) တည်ဆောက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တံတားအရှည် ၃၂၁၂ ပေ၊ အကျယ် ၃၄ ပေ ၆ လက်မ၊ တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းပါရှိသည်။ တံတားတစ်စင်းလုံး ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်း (ဗန်းမော် - မြစ်ကြီးနားလမ်းပိုင်း)ကို လမ်းဦးစီးဌာန မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်တို့က တာဝန်ယူ၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အပြင် ကုမ္ပဏီများကိုလည်း လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်စေလျက်ရှိသည်။ ပြောင်းဖူးစေ့ကျောက်စီလမ်း ကျန်ရှိသောလမ်းပိုင်းများကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း AC လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည်ဖြစ်သည်။ တစ်လမ်းလုံး AC လမ်းပြီးစီးပါက မြစ်ကြီးနားမှ ဗန်းမော်၊ တရုတ်နိုင်ငံနယ်စပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

**ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်**

၎င်းအပြင် ကချင်ပြည်နယ်လမ်းဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများအား ပြုပြင်ထိန်းသိမ်းပေးလျက်ရှိရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၄ ပေ၊ ၁၈ ပေအကျယ် AC ခင်းခြင်း ၂၈ ဒသမ ၈၂ ကီလိုမီတာ၊ ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ၈၂ ဒသမ ၀၃ ကီလိုမီတာ၊ မူလ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း ၁၉ ဒသမ ၅၅ ကီလိုမီတာ၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁၄ ဒသမ ၈၂၉ ကီလိုမီတာ၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား ၆၈ စင်း၊ ပေ ၅၀ အထက် ကွန်ကရစ်တံတား ခြောက်စင်းတည်ဆောက်ခဲ့သည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂၄ ပေ၊ ၁၈ ပေအကျယ် AC ခင်းခြင်း ၁၅ ဒသမ ၆၃ ကီလိုမီတာ၊ ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ၈၉ ဒသမ ၅ ကီလိုမီတာ၊ မူလ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁၃ ဒသမ ၅၀ ကီလိုမီတာ၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁၅ ဒသမ ၆ ကီလိုမီတာ၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား ၇၆ စင်း၊ ပေ ၅၀ အထက် ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခဲ့သည်။

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၂၄ ပေ၊ ၁၈ ပေအကျယ် AC ခင်းခြင်း ၃၅ ဒသမ ၇၈ ကီလိုမီတာ၊ ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ၈၅၀ ဒသမ ၃၁ ကီလိုမီတာ၊ မူလ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း ၁၄ ဒသမ ၃၉ ကီလိုမီတာ၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၄ ဒသမ ၈ ကီလိုမီတာ၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား ၁၅၄ စင်း၊ ပေ ၅၀ အထက် ကွန်ကရစ်တံတား သုံးစင်း တည်ဆောက်ခဲ့သည်။ ၂၀၂၁-၂၀၂၂ (မီနီ) ဘဏ္ဍာနှစ်တွင် AC လမ်းခင်းခြင်း ၂၆ ဒသမ ၃၇ ကီလိုမီတာ၊ ကွန်ကရစ်လမ်းခင်းခြင်း ၁၉ ဒသမ ၃၇ ကီလိုမီတာ၊ ကတ္တရာလမ်းချဲ့ခြင်း ၃ ဒသမ ၂၉ ကီလိုမီတာ၊ ပေ ၅၀ အောက် တံတား ၇၀၊ ပေ ၁၈၀ နှင့်အထက် တံတားသုံးစင်း တည်ဆောက်မည်ဟု သိရသည်။

သွေးချင်းတို့ဌာနေ၊ ကချင်မြေသည် ဝေးလံခေါင်သီသောဒေသဖြစ်သော်လည်း ပြည်မနှင့်မခြားတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းကို AC လမ်းခင်းနေစဉ်။

**"လမ်းပေါင်း ၅၆ လမ်းရှိသည့်အနက် မန္တလေး - လားရှိုး - ဗန်းမော်-မြစ်ကြီးနားလမ်း ကချင်ပြည်နယ်အပိုင်းသည် အရှည် ၁၇၄ မိုင် ၃ ဖာလုံရှိပြီး အဓိကဆက်သွယ်သွားလာသော ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းသည် အရှည် ၁၁၆ မိုင်ဖြစ်သည်။ လက်ရှိလမ်းအမျိုးအစားမှာ AC လမ်း ၆၂ မိုင်၊ ကတ္တရာလမ်း ၄၀ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၃၉ မိုင်၊ အမာခံလမ်း ၃၃ မိုင်ဖြစ်သည်။ ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းသည် ယခင်က AC လမ်းအနည်းငယ်သာရှိပြီး ကျန်လမ်းပိုင်းများမှာ ၁၈ ပေအကျယ် ပြောင်းဖူးစေ့ကျောက်စီလမ်းအမျိုးအစားများဖြစ်သည်။ လမ်းဦးစီးဌာနအနေဖြင့် မူလ ၁၈ ပေအကျယ် ပြောင်းဖူးစေ့ကျောက်စီလမ်းကို ၂၄ ပေအကျယ် AC လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့"**



## မိုင်းတုံမြို့နယ် ဖာချယ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

မိုင်းတုံ မေ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဖာချယ်ကျေးရွာ၌ မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် တာဝန်ရှိသူများသည် ဖာချယ်ကျေးရွာ၌ အရှည်ပေ ၁၀၈၀၊ အကျယ် ၁၈ ပေ၊ ဒု ၆ လက်မရှိ ကမ္ဘောဋ္ဌာန်းကျောင်းဝင်းလမ်းအား မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖာချယ်ကျေးရွာ၌ အဆိုပါမြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၄ ဒသမ ၅၃ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၄ ဒသမ ၅၃ သန်းနှင့် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ခုနှစ် မတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

## Junior Golf Myanmar နွေရာသီလူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar တို့က စီစဉ်၍ YGC Sunday Morning Golfers Group က အဓိကကူညီပံ့ပိုးသော Junior Golf Myanmar နွေရာသီလူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို မေ ၂ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို အဓိကကူညီပံ့ပိုးပေးသော YGC Sunday Morning Golfers Group အဖွဲ့ကိုယ်စား ဦးမြင့်နီအား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Junior Golf Myanmar မှ အမှုဆောင် ဒေါ်ဝတ်မှုံနှင်းက အသက်အငယ်ဆုံး ကြိုးစားယှဉ်ပြိုင်သော ဘုန်းမြတ်သော်အား ဆုချီးမြှင့်ပြီး Junior Golf Myanmar မှ အမှုဆောင် ဦးဇော်ဘိုဘိုဦးက Par အများဆုံးဆုရရှိသော ဖွဲ့ညီညီ၊ ဘာဒီ အများဆုံးရရှိသော ဆုလတ်အောင်နှင့် Bogey အများဆုံးဆုရရှိသော ရန်အောင်မင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြင်ဦးလွင်ဂေါက်ကလပ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် တတိယဆုရရှိသော ထူးမြတ်အောင်၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ဒုတိယဆု-ရရှိသော ဘုန်းပြည့်ဖြိုးဟိန်း၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ Junior Golf Myanmar မှ အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးသက်တမ်းတွင် တတိယဆုရရှိသော အေးစုအောင်၊ ဒုတိယဆုရရှိသော မိုးပြည့်စုံခင်၊ ပထမဆု-ရရှိသော ချိုသာအောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော ကစားသမားသုံးဦးသည် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်စီတူညီနေသဖြင့် ကျင်းပိုရိုက်ခဲ့ပြီး ချိုသာအောင်က ပထမဆုရခဲ့ခြင်းဖြစ်သည်။ ယင်းနောက် Junior Golf Myanmar မှ အမှုဆောင် ဒေါ်စုယဉ်မင်းက အသက် ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် တတိယဆုရရှိသော Locadio K၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ဒုတိယဆုရရှိသော ပြည့်စုံအောင်၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော ကောင်းထက်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးဌေးအောင်က အသက် ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် တတိယဆုရရှိသော ထက်အောင်ဝင့်၊ စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ဒုတိယဆု-ရရှိသော ကောင်းပြည့်ဖြိုးကျော်၊ စုစုပေါင်းရိုက်ချက် ၁၅၀ ဖြင့် ပထမဆုရရှိသော ဟိန်းနိုင်ဇင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

Junior Golf Myanmar Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) တွင် မေ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့ပြီး Junior Golf Myanmar က (၂၈)ကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲတစ်ပွဲဖြစ်ကာ YGC Sunday Morning Golfers Group က အဓိကပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။


သတင်း-ကိုညီလေး
ဓာတ်ပုံ-MGF

## တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ပန်းနှမ်းများ မန္တလေးဈေးကွက်၌ ဈေးကောင်းရရှိ

မန္တလေး မေ ၂

တောင်ပေါ်ဒေသများမှ စိုက်ပျိုးပြီးထွက်ရှိလာသည့် ပန်းနှမ်း(Niger Seed)များ မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းများရရှိကာ အရောင်းသွက်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပန်းနှမ်းကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိပြီး ဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံမှ ဝယ်ယူကြကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူအချိန်တွင် ၄၅ ပိဿာဝင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် ၄၅ ပိဿာဝင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ နှုန်းအထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ကောင်းနေသည့်အပြင် ရာသီဥတုမျှတသည့်အတွက်လည်း အထွက်နှုန်း အသင့်အတင့် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



“ ဒီပန်းနှမ်းကို ပြည်တွင်းပြည်ပဝယ်ယူကြပြီး ပြည်တွင်းမှာတော့ ဆီကြိတ်ကာ တချို့မုန့်လုပ်ငန်းတွေမှာ အကြော်ဆီအနေနဲ့ အသုံးပြုကြတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဆီအဖြစ်ထုတ်လုပ်ပြီး စားသုံးရုံသာမက အလှကုန်ပစ္စည်းနဲ့ ဆေးဝါးထုတ်လုပ်တဲ့နေရာတွေမှာလည်း အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒေသခံရှမ်းတိုင်းရင်းသားတောင်သူတွေအနေနဲ့ သူတို့အတွက် အဓိကဝင်ငွေ ရရှိစေနိုင်တဲ့ သီးနှံအဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပါတယ်။ မနှစ်က ဈေးထက်စာရင် ဒီနှစ်မှာ တစ်ဆကျော်မြင့်တက်ပြီး ဈေးကောင်းရရှိနေပါတယ်။ ဈေးနှုန်းတွေ တက်သော်လည်း ဝယ်ယူမှုတွေ ရပ်တန့်မသွားပါဘူး။ ဒီဇင်ဘာလရာသီမှာ ရှမ်းပြည်နယ်ဒေသတွေမှာတော့ အဝါရောင်ပန်းနှမ်းခင်းတွေကို ပန်းချီကားတစ်ချပ်ကဲ့သို့ လှပစွာ မြင်တွေ့နိုင်ပါတယ်” ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

အဆိုပါ ပန်းနှမ်းသည် တစ်နှစ်ကို တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ပြည်ပဝင်ငွေရှာဖွေပေးသည့် နှမ်းသီးနှံဖြစ်သည့်အပြင် တောင်ပေါ်ဒေသများ၌သာ စိုက်ပျိုးဖြစ်ထွန်းကာ ထွက်ရှိလာကြောင်း၊ ယင်းပန်းနှမ်းကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းဒေသများ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသတို့တွင် အဓိကစိုက်ပျိုးကြကြောင်း၊ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတစ်ခွင်၌ အဝါရောင်ပန်းနှမ်းခင်းများအား ရှမ်းတောင်တန်းကြီးများနှင့် ယှဉ်တွဲ၍ ပန်းချီကားတစ်ချပ်ပမာ မြင်တွေ့နိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ပါရီအိုလံပစ်ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ် လူရွေးချယ်

ရန်ကုန် မေ ၂

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်း ထုတ်ပြန်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နောက်ဆုံးလေ့ကျင့်နေသည့် ပဏာမကစားသမား ၂၆ ဦးအနက် လေးဦးလျှော့ချကာ အပြီးသတ်ကစားသမား ၂၂ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ အဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးစထက်နိုင်ဝင်း၊ ဒေါ်စန်းစန်းမော်၊ ဂိုးနည်းပြအဖြစ် ဦးယဉ်မင်းအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ဇူးလတ်နဒီ၊ နောက်တန်း ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ အေးအေးမိုး၊ အိအိကျော်၊ မေစံပယ်ဖူး၊ မိုးမမစိုး၊ အလယ်တန်း နော်ထက်ထက်ဝေ၊ စန်းသော်သော်၊ ခင်မာလာထွန်း၊ လင်းမြင့်မိုရ်၊ မေသက်မွန်မြင့်၊ ခင်မိုမိုထွန်း၊ ပုံ့ပုံ့ပြည့်မောင်၊ ရှုပါခိုင်၊ ရှေ့တန်း မြတ်နိုးခင်၊ ဂျူလိုင်ကျော်၊ ရွှေရည်ထွန်းနှင့် ဝင်းသိင်္ဂီထွန်းတို့ ပါဝင်ကြသည်။

### နှစ်ကျော့ကစားရမည်

မြန်မာအသင်းသည် အုပ်စု (ခ) တွင် အီရန်အသင်းနှင့် ကျရောက်နေပြီး မေ ၅ ရက်နှင့် ၈ ရက်တွင် နှစ်ကျော့ကစားရမည်ဖြစ်သည်။ ယင်းအုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းအုပ်စုတွင် ယခင်က ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်အသင်းတို့ ပါဝင်သော်လည်း နုတ်ထွက်သွားသဖြင့် မြန်မာနှင့် အီရန် နှစ်သင်းသာ ကျန်ရှိခြင်းဖြစ်သည်။

ကိုညီလေး

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# အေးမြသာယာ

**သိပ္ပံမောင်ဝ**

မောင်လူအေး တိုက်အပေါ်ထပ် အိပ်ခန်းထဲရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် တစ်ယောက်တည်း ထိုင်လျက်နေသည်မှာ အတော်ကြာလေပြီ။ လက်ထဲတွင်ကား နံနက်က ရောက်လာသော ရန်ကုန်ဂေဇက်သတင်းစာကို ကိုင်လျက်ထား၏။ ၎င်းသတင်းစာကို ဖတ်ချည်ချချည်နှင့် လုပ်နေ၏။ စာ၌ စိတ်ပါပုံမပေါ်၊ သတင်းတစ်ခုခုကို ဆုံးအောင်မဖတ်၊ ခေါင်းစဉ်ကိုသာ ကြည့်ရင်း ကျော်၍ကျော်၍ သွားလေတော့သည်။

နောက်ဆုံး၌ သတင်းစာကို အနီးရှိစားပွဲပေါ်တွင်ချကာ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်၏။ ဆေးလိပ်မှ ထွက်သွားသော မီးခိုးတို့ကို မော်၍ကြည့်၏။ နက်နဲစွာစိတ်ကူးထုတ်နေပုံ ပေါ်လေသည်။ ပတ်ဝန်းကျင်တွင်ရှိသော အိမ်ထောင်ပစ္စည်းများကို တစ်ခုပြီးတစ်ခု ကြည့်၏။ အလိုမကျသည့် မျက်နှာကို မြင်ရလေသည်။ ဘာများ အလိုမကျပါလိမ့်။ ညှိထားသောဆေးလိပ်မှာလည်း တစ်စတစ်စ မီးစာဖြစ်၍လာခဲ့၏။ တိုသည်ထက်တို၍ လာခဲ့၏။ နောက်ဆုံးလက်ကို မီးလောင်သောအခါကျမှ ချေကာ ထွေးခံအတွင်းသို့ ပစ်သွင်းလိုက်လေတော့သည်။ အကြွင်းဆေးလိပ်တိုလေးသည် ရှဲခနဲဆို ထွေးခံအတွင်း၌ ပျက်စီးခြင်းသို့ ရောက်ရရှာလေတော့သတည်း။ အိမ်အပြင်ဘက်တွင်ကား မိုးတစိမ့်စိမ့်နှင့်နေ၏။ ထိုမိုးတစိမ့်စိမ့်နှင့်နေသည်ကို ပြတင်းပေါက်မှ လှမ်း၍ကြည့်၏။ အနီးရှိ အုန်းပင်ပေါ်တွင် ကျီးနှစ်ကောင်မှာ မိုးရေထဲ၌ ကုပ်ကာ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့နေကြကုန်၏။ ချမ်းပင်ချမ်းသောကြောင့်ပေလော၊ တစ်ကောင်နှင့်တစ်ကောင် ချစ်ကြသောကြောင့်ပေလော။

ဤသို့ကြည့်နေ၍ အတန်ကလေးကြာလျှင် တံခါးဝမှ ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ ခင်သန်းမြင့်လေး ဝင်လာသည်ကို မြင်ရ၏။ ခင်သန်းမြင့်လေးက ပြုံးလျက် အခန်းထဲသို့ ဝင်လာလေသည်။ မောင်လူအေးသည် ပြန်၍ပြုံး၏။ မည်မျှစိတ်ကြည်၍ သွားကြမည်နည်း။ ခင်သန်းမြင့်၏ အကြည်ဓာတ်သည် မောင်လူအေး၏ စိတ်ကို တိုးဝှေ့၍သွား၏။ မောင်လူအေး၏ အကြည်ဓာတ်သည်လည်း ခင်သန်းမြင့်၏ စိတ်ကိုတိုးဝှေ့၍ သွားလေတော့သည်။ မောင်လူအေး ယခင်မျက်နှာမှာ ချက်ချင်းပြောင်းသွား၏။

မောင်လူအေးက စတင်၍

"ကိုကို မြင့်ကို စောင့်နေရတာ ကြာလှပြီ၊ လာနိုး လာနိုးနဲ့" ဟု ပြော၏။

ခင်သန်းမြင့်က တစ်ဖန်...

"ဩော်... ဧည့်သည်တွေက စကားကောင်းနေလို့ မတက်လာတာ၊ လာချင်တာတော့ ကြာပါပြီ၊ စိတ်ကောက်နေသလား"ဟု ပြန်၍မေး၏။

"မကောက်ရပါဘူး"ဟု ဖြေ၏။

ဤသို့ ချစ်တင်းဆိုနေရင်း ခင်သန်းမြင့်က မောင်လူအေး ထိုင်နေသော ပက်လက်ကုလားထိုင်နှင့်ကပ်လျက် ကြမ်းပြင်ပေါ်၌ လာ၍ထိုင်၏။ မောင်လူအေး၏ လက်လည်း အခွင့်မတောင်း ဘာမတောင်းဘဲ ခင်သန်းမြင့်၏ နဖူးအထက် ဆံစဆီသို့ ရောက်၍သွား၏။ ရောက်ရုံမျှမက၊ ပေါက်ခါစဆံပင်လေးများကိုပင် သပ်လျက်နေ၏။ အတန်ကြာအောင်ပင် စကားမပြော ဘာမပြောဘဲ နေကြကုန်၏။ ဤသို့ ဆိတ်ဆိတ်နေခြင်းသည် ချစ်တင်းဆိုသည်ထက်ပင် ကောင်းဟန်၊ စည်းစိမ်ရှိဟန်၊ ကြည်နူးကြဟန်တူလေသည်။ စာရေးဆရာကမူကား အဘယ်မှာလျှင် တပ်အပ်သေချာ ပြောကြားနိုင်ပါအံ့နည်း။

ခင်သန်းမြင့်လေး၏ လက်ထဲတွင်ကား ပိုးကြိုး နီနီ၊ ဝါဝါ၊ ပြာပြာ၊ စိမ်းစိမ်းတို့နှင့်တကွ မိန်းမအင်္ကျီအသစ်တစ်ထည်ကို ကိုင်လျက်ပါလာ၏။ ထိုင်ကာ မိမိအင်္ကျီတွင် ပန်းပွင့်လေးများကို ထိုးလျက်နေ၏။ ခင်သန်းမြင့်၏ ပယောဂကြောင့် ထိုပိုးကြိုးလေးများမှာ ပိုးကြိုးဘဝမှ ပန်းပွင့်လေးများဘဝသို့ ရောက်သွားကြသည်ကို မောင်လူအေးလည်း စိုက်၍ကြည့်လျက်နေ၏။ ခင်သန်းမြင့်လည်း တစ်ချက်တစ်ချက် မောင်လူအေးအား မော်၍ကြည့်၏။ မျက်စိချင်းဆိုင်မိကြလေသည်။ ရာဂ ပုတ္တလေးတွေ သိန်းသန်းမက အများကြီး ဖွား၍ ကုန်၏၊ ခင်သန်းမြင့်ကစ၍ ပြုံး၏။ မောင်လူအေးက လိုက်၍ ပြုံးပြန်၏။ ပြုံး၍မျှ မတင်းတိမ်သေး၊ "ကိုကို" ဟု နှုတ်က ခေါ်မိ၏။ "မြင့်" ဟု ပြန်၍ ထူးမိ၏။ ၎င်း "ကိုကို" "မြင့်" ဆိုသော စကားကလေး နှစ်ခွန်းမှာ ပေါ်ထွက်လိုက်သည်၏ ခဏပင်လျှင် ချုပ်လျော ရွေ့လျား၍ သွားကြကုန်၏။ ဤသို့ ချုပ်၍ သွားကြလေကုန်သော်လည်း ခင်သန်းမြင့်နှင့် မောင်လူအေးတို့၏ နားထဲတွင်မူကား စွဲမြဲလျက် ကျန်နေကြကုန်၏။ ပဲတင့်သံကဲ့သို့ အဖန်ဖန်ကြားလျက် နေကြပေ၏။ အချစ်နှစ်ဦးတို့မှ မေတ္တာတည်းဟူသော ပင်လယ်ကြော၌ မျောပါယစ်မူးလျက်နေကြသောကြောင့် ထပ်၍မျှ စကားမပြောနိုင်။ ထပ်၍မျှ မခေါ်နိုင်။ ထပ်၍မျှ မပြုံးနိုင် ဖြစ်နေကြကုန်၏။

ဤသို့ စကားမပြော ဘာမပြော၊ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပီတိဖြစ်နေတုန်းတွင် ဖြုန်းခနဲ အခန်းအပြင်ဘက်မှ "မမ" ဟူ၍ ခေါ်သံကို ကြားလိုက်ရ၏။ မောင်လူအေး၏ ကိုယ်တော်မြတ် ညာလက်သည် ခင်သန်းမြင့်၏ဆံစမှ ကုလားထိုင်လက်ရန်းသို့ အမှုမဲ့ အမှတ်မဲ့ပြန်၍ကြွခဲ့၏။ ခင်သန်းမြင့် သတိမထားမိ၊ မောင်လူအေးလည်း သတိမထားမိ။

ခင်သန်းမြင့်လည်း ဣန္ဒြေမပျက် ထူးလိုက်လေ၏။ အခန်းတွင်းသို့ ပြေး၍ ဝင်လာသူကား ခင်မြိုင်မြိုင်တည်း။ မောင်လူအေး၏

> **မောင်လူအေးလည်း စာသုံးစောင်ကို စက်သီချင်းနားထောင်ရင်း တစ်စောင်ပြီး တစ်စောင်ကို ဖတ်၏။ ပြီးလျှင် တစ်စောင်ပြီးတစ်စောင် ခင်သန်းမြင့်လေးသို့ ပေး၏။ ခင်သန်းမြင့်လေးလည်း ဖတ်ကာပြုံး၏။ မောင်လူအေးအား မော်၍ကြည့်၏။ မောင်လူအေးကလည်း ပြန်၍ပြုံး၏။ ၎င်းစာတို့ကား မိတ်ဆွေများက ၎င်းတို့အား နောက်၍ ရေးလိုက်သောစာများဖြစ်လေသည်။ မောင်လူအေးတို့၏ ပြုံးခြင်းသည် ခင်မြိုင်မြိုင်သို့ပင် ကူးစက်၍သွား၏။ ခင်မြိုင်မြိုင်မှာ ဘာမသိညာမသိ ပြုံးလျက်ပင် နေ၏။ အပြုံးတည်းဟူသော တောထဲတွင် တသောသောနှင့်နေကြကုန်၏**

စာသုံးစောင်ကို လာ၍ပေးလေသည်။ ခင်မြိုင်မြိုင်မှာ အသက် (၁၆) နှစ်ရှိ ခင်သန်းမြင့်၏ ညီမလေးဖြစ်လေသည်။ ခင်မြိုင်မြိုင်လည်း စာသုံးစောင်ကိုပေးပြီး ထွက်သွားမည်ပြု၏။ မောင်လူအေးက စက်သီချင်းဖွင့်ရအောင်ဟူ၍ ပြောသောကြောင့် စက်သီချင်းထားရာသို့ သွားကာဖွင့်လေတော့သည်။

မောင်လူအေးလည်း စာသုံးစောင်ကို စက်သီချင်းနားထောင်ရင်း တစ်စောင်ပြီးတစ်စောင်ကို ဖတ်၏။ ပြီးလျှင် တစ်စောင်ပြီးတစ်စောင် ခင်သန်းမြင့်လေးသို့ ပေး၏။ ခင်သန်းမြင့်လေးလည်း ဖတ်ကာပြုံး၏။ မောင်လူအေးအား မော်၍ကြည့်၏။ မောင်လူအေးကလည်း ပြန်၍ပြုံး၏။ ၎င်းစာတို့ကား မိတ်ဆွေများက ၎င်းတို့အား နောက်၍ရေးလိုက်သောစာများဖြစ်လေသည်။ မောင်လူအေးတို့၏ ပြုံးခြင်းသည် ခင်မြိုင်မြိုင်သို့ပင် ကူးစက်၍သွား၏။ခင်မြိုင်မြိုင်မှာ ဘာမသိညာမသိ ပြုံးလျက်ပင်နေ၏။ အပြုံးတည်းဟူသော တောထဲတွင် တသောသောနှင့်နေကြကုန်၏။

ခင်မြိုင်မြိုင်က မောင်လူအေးတို့အား သရော်သောအနေဖြင့် "ခင်တုန်း ချစ်စ ကြင်နာစ ကြားထဲက လေသွေးတော့ ဝေးတယ်လို့ထင်" ပါသော တစ်ယောက်ထိုင် လန်ချားခေါ် ဓာတ်ပြားကို ထပ်ကာထပ်ကာ ဖွင့်လျက်နေ၏။ ချစ်သူနှစ်ဦးတို့လည်း ကြည်နူးလျက်ပင်။ လေးကြိမ်၊ ငါးကြိမ်ကျ၍ ချစ်သူနှစ်ဦးတို့က တောင်းပန်ကြတော့မှ အခြားဓာတ်ပြားတို့ကို သွင်း၏။ ပျော်၍မဆုံး၊ ဝမ်းမြောက်၍မဆုံး၊ ကြည်နူး၍မဆုံး တပြုံးပြုံးနှင့်နေကြကုန်၏။

မကြာမီ အိမ်ပေါ်သို့ ပြေး၍တက်လာကြသော သူတို့ကား ခင်ခင်သီနှင့် ခင်ခင်ရီတို့ဖြစ်ကြ၏။ ခင်ခင်သီကား အသက် (၁၀) နှစ်ခန့်၊ ခင်ခင်ရီကား အသက်ရှစ်နှစ်ခန့်။ ၎င်းတို့၏ပခုံးတွင် စာအုပ်လွယ်အိတ်ကလေး တစ်လုံးစီလွယ်လျက်၊ တယ်လဲ ဝမ်းသာကြထင်ပါရဲ့။ ကျောင်းလွှတ်၍ အိမ်သို့ရောက်လျှင်ရောက်ချင်း စာအုပ်လွယ်အိတ်ကို မထားသေးဘဲ အိမ်ပေါ်သို့ ပြေးတက်ကြခြင်းဖြစ်လေသည်။ ၎င်းတို့နှုတ်ဖျားတွင်မူကား "ကိုကို ကိုကို" ဆိုသော စကားများ သီးလျက်နေ၏။ ခေါ်၍ အားမရနိုင်ကြ။ မောင်လူအေး၏ ပေါင်ပေါ်တွင် ညီအစ်မနှစ်ယောက် လု၍ ထိုင်ကြ၏။ မောင်လူအေးကား မည်သူ့ကိုမျှ မျက်နှာမလိုက်၊ နှစ်ယောက်စလုံးအား ပေါင်ပေါ်တွင် ထိုင်စေ၏။ နေ့ခင်းက သင်ကြားရသော စာများအကြောင်းကို မေး၏။ သူ့ထက်ငါ မသာသာအောင် ဖြေကြ၏။ ဆရာက နေ့ခင်းက အမှတ်ပေးလိုက်သည့် စာအုပ်တို့ကို ထုတ်၍ပြကြ၏။ တစ်ယောက်ကိုတစ်ယောက် နှိမ့်ချ၍ ဆိုကြ၏။ ကိုယ်သာတတ်သည်၊ သူမတတ်ဟူ၍ ဆိုကြခြင်းကား ကလေးတို့၏ သဘောတည်း။

ဤသို့ ထွေးလုံးရစ်ပတ် မေးမြန်းနေ၊ ဖြေဆိုနေကြသည့်အတွင်းတွင် ခင်မြိုင်မြိုင်ကလည်း ဓာတ်ပြားတစ်ပြားပြီးတစ်ပြား အစဉ်အတိုင်းဖွင့်၍သွားသည်မှာ ဓာတ်ပြားပေါင်း ၁၂ ပြားမျှပင် ကျလေပြီ။ ခင်မြိုင်မြိုင်ကလည်း မိမိဖွင့်နေသောသီချင်းများကို နားမထောင်ရကောင်းလားဟု စိတ်ဆိုးမယောင်နှင့် စက်သီချင်းကို ပိတ်လိုက်မည်ပြု၏။ မောင်လူအေးက တောင်းပန်ရပြန်လေသည်။

နောက်ဆုံး၌ အားလုံးကျေနပ်ကြစေရန် ခင်ခင်သီနှင့် ခင်ခင်ရီတို့ကို အကခိုင်း၏။ ကလေးများလည်း မိမိတို့တတ်စွမ်းသမျှ တစ်ယောက်နှင့်တစ်ယောက် သာလေအောင် ကြိုးစား၍ကကြ၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့က လက်ခုပ်ဝိုင်း၍တီးကြ၏။ ပျော်လိုက်ကြတဲ့ဖြစ်ခြင်း။ ငါးယောက်သား ဆူညံလျက်နေကြလေတော့၏။ ရယ်သူကရယ်၊ မြှောက်ပေးသူကမြှောက်ပေး၊ ပြုံးသူကပြုံး၊ အားရပါးရ ကသူကနှင့် ပျော်စရာ့ပျော်စရာကြီး ဖြစ်လေသည်။

ခင်သန်းမြင့်တို့၏ မိခင်နှင့် ဖခင်တို့ကား အပြင်ဘက်ခန်းရှိ ကုလားထိုင်တို့တွင် ထိုင်ကာ စာရင်းစာအုပ်ကြီးများကို ဖွင့်လျက် စာရင်းရှင်းနေကြကုန်၏။ သို့စာရင်းရှင်းနေကြ၊ အလုပ်အကြောင်း ဆွေးနွေးနေကြသော်လည်း မိမိတို့၏စိတ်မှာမူကား ထိုစာရင်းတို့တွင်လည်း ရှိမည်မဟုတ်။ အလုပ်တွင်လည်း ရှိမည်မထင်။ သမီးလေးယောက်နှင့် သားမက်ဖြစ်သောမောင်လူအေးတို့ ပျော်ရွှင်စွာရှိနေကြသည့် နေရာသို့သာ ရောက်နေကြသည်ဟုဆိုလျှင် မှားလိမ့်မည်မထင်။

ထိုခဏတွင် မောင်လူအေး၏စိတ်ကို ကျေနပ်ခြင်း၊ နှစ်သက်ခြင်း၊ အားရခြင်းတို့က လွှမ်းမိုး၍ထားသောကြောင့် လောကကို မေ့လျက်နေတော့၏။ အလုပ်စိတ်များ မဝင်နိုင်။ အခွန်ကောက်သောစိတ်များ မဝင်နိုင်၊ ပူပင်သောကစိတ်များ မဝင်နိုင်၊ လုံးလုံးကြီးအေးမြလျက်နေပေ၏။ ခင်သန်းမြင့်နှင့် မင်္ဂလာဆောင်ပြီးနောက် ခွင့်နှင့်နေသည် မဟုတ်ပါလော။

(ပျားရည်ဆန္ဒ)ဟု ခေါ်ဆိုလေ့ရှိကြသော ချိုချိုအေးအေးကလေး နေရသောအချိန်ကာလမဟုတ်ပါလော။ ခင်သန်းမြင့်လေးတို့၏ အချစ်ငွေ့တွင် မြောမေ့၍ နေလေတော့သတည်း။

၁၉၃၂ ခုနှစ်၊ နိုဝင်ဘာ၊ ဂန္ထလောက။

■

# ပုံပြင်

## မပန်းဇင်

ငွေတာရီ

(ယခင်အပတ်မှအဆက်)

သို့ဖြင့် မင်းသားသည် နေ့စဉ်နေ့တိုင်း မျှော်စင်အနီးသို့သွား၍ တေးဆိုသူကို မြင်ရနိုးဖြင့် စောင့်နေလေတော့သည်။ တစ်နေ့သောအခါ သူသည် သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်နေစဉ် စုန်းမကြီးကို တွေ့ရလေ၏။ စုန်းမကြီးသည် မျှော်စင်အနီးသို့ကပ်ကာ "ပန်းဇင် ပန်းဇင်၊ နင့်ဆံပင်ချလိုက်စမ်း"ဟု အော်လေ၏။ ထိုခဏ၌ အလွန်ရှည်လျားသော ဆံပင်များသည် မျှော်စင်ပြတင်းပေါက်မှ မြေပြင်အထိ ကျရောက်လာလေတော့၏။ စုန်းမကြီးလည်း ထိုဆံပင်များကို တွယ်ကာ မျှော်စင်ပေါ်သို့ တက်သွားလေတော့၏။

ဤတွင် မင်းသားလည်း အကြံရသွားလေ၏။ သူလည်း စုန်းမကြီး၏နည်းဖြင့် မျှော်စင်ပေါ်သို့ တက်ရောက်ရန် ကြံစည်မိလေသည်။ နောက်တစ်နေ့ နေဝင်ချိန်တွင် မင်းသားသည် မျှော်စင်ရှိရာသို့ လာခဲ့လေ၏။ ရောက်သော် စုန်းမကြီး အော်သည့်အတိုင်း "ပန်းဇင် ပန်းဇင်၊ နင့်ဆံပင် ချလိုက်စမ်း" ဟု အော်လိုက်၏။ ထိုခဏ၌ပင် ဆံပင်များ ကျလာသည်ကို သူသည် ဝမ်းမြောက်စွာတွေ့ရလေ၏။

သူသည် ထိုဆံပင်များကို တွယ်ကာ မျှော်စင်ပေါ်သို့ တက်လေတော့သည်။ မပန်းဇင်သည် မင်းသားကို မြင်သောအခါ အလွန်ထိတ်လန့်လေသည်။ သူသည် ယောကျ်ားဟူ၍ မမြင်ဖူးချေ။ သို့ရာတွင် မင်းသားသည် သူ့ကို အလွန်ကြင်နာစွာ စကားပြောဆိုလေရကား သူ့မှာ နေသာထိုင်သာ ရှိသွားလေတော့၏။ ထို့နောက် မင်းသားက သူသည် မပန်းဇင်၏အသံကို ကြားရသည့်နေ့မှစ၍ စွန့်စားကြံဆောင်ရပုံများကို ပြောပြလေသည်။ သို့ဖြင့် နောက်ဆုံးတွင် မင်းသားက မပန်းဇင်အား သူနှင့်လက်ထပ်ရန် တောင်းပန်လေ၏။

မပန်းဇင်လည်း သူ့ကို ကြင်နာဟန်ရှိသည့် ငယ်ရွယ်၍ လှပသောမင်းသားကို နှစ်သက်နေလေပြီ။ ထို့ကြောင့် ဤသို့ စိတ်ကူးမိလေ၏။ အမှန်ပင် သူသည် ငါ့အား ချစ်ပေလိမ့်မည်။ အမယ်အိုကြီးကား ငါ့အား ချစ်သည်မဟုတ်။ ထိုသို့ စဉ်းစားပြီးနောက် သူသည် မင်းသား၏ တောင်းပန်ချက်ကို လက်ခံလိုက်လေတော့၏။ နောက် မပန်းဇင်သည် မင်းသားအား ဤသို့ပြောဆိုလေ၏။

"ကျွန်မသည် မောင်ခေါ်ရာသို့ လိုက်လိုလှပါ၏။ သို့ရာတွင် ဤမျှော်စင်ပေါ်မှ မည်သို့ဆင်းရမည်ကို မသိပါ။ မောင်သည် ကျွန်မထံလာတိုင်း ပိုးချည်တစ်မျှင်ယူခဲ့ပါ။ ကျွန်မသည် ၎င်းတို့ကို စု၍ ကြိုးကျစ်ပါမည်။ ထိုကြိုး ပြီးစီးသောအခါ ကျွန်မသည် မျှော်စင်မှ ဆင်း၍ မောင့်နောက်သို့ လိုက်ခဲ့ပါမည်"

မင်းသားလည်း ထိုအကြံကို သဘောတူသဖြင့် ညနေတိုင်း ပိုးချည်ယူလာခဲ့မည်ဟု ဝန်ခံလေသည်။ စုန်းမကြီးလည်း နေ့အချိန်တွင် လာတတ်သဖြင့် မင်းသားလည်း ညနေတိုင်းမှ လာရလေသည်။ စုန်းမကြီးသည် မပန်းဇင်နှင့် မင်းသားတို့၏အကြောင်းကို လုံးဝမရိပ်မိချေ။ သို့ရာတွင် တစ်နေ့သောအခါ မပန်းဇင်သည် အမှတ်တမဲ့ဤသို့ပြောဆိုမိလေ၏။

"အမေ၊ သင်သည် ပိန်လှီသော်လည်း အလွန်လေးလှသည်။ မင်းသားမူကား မပိန်ဘဲနှင့် ပေါ့လှသည်။ သူသည် ကျွန်မထံ အမြန်ရောက်အောင် တက်လာနိုင်ပေသည်။ သင်သည် အဘယ်ကြောင့် ထိုမျှလေးရသနည်း"

ထိုစကားကို ကြားလျှင် စုန်းမကြီးသည်လည်း အလွန်အမျက်ထွက်လေ၏။ သူသည် မပန်းဇင်ကို ဤနေရာ၌ထားသည်မှာ လုံခြုံလှပြီ ထင်မှတ်၍ စိတ်ချလက်ချနေခဲ့၏။ ယခုမူ မပန်းဇင်သည် မင်းသားတစ်ပါးနှင့် အဆက်အသွယ်ရှိနေလေပြီ။ စုန်းမကြီးသည် ဒေါသကို မချုပ်တည်းနိုင်သဖြင့် ကတ်ကြေးကို ယူကာ မပန်းဇင်၏ ဆံပင်များကို ဖြတ်ပစ်လိုက်လေ၏။ ထိုမျှသာမက မပန်းဇင်ကိုလည်း အလွန်ဝေးသော သဲကန္တာရတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားလေတော့၏။ ထိုနေ့ညနေတွင် စုန်းမကြီးသည် မပန်းဇင်၏ ဆံပင်များကို ပြတင်းပေါင်ချိတ်၌ ချည်နှောင်လျက် မင်းသားအလာကို စောင့်နေလေ၏။ မကြာမီပင် မင်းသားလည်း ရောက်လာ၍ ဆံပင်များချပေးရန် အော်ဟစ်အချက်ပေးလေ၏။ ဤတွင် စုန်းမကြီးသည် မပန်းဇင်၏ ဆံပင်များကို ချပေးလိုက်လေတော့၏။ မင်းသားလည်း ပြုနေကျအတိုင်း ဆံပင်များကို တွယ်ကာတက်လေတော့၏။ သို့သော် သူ၏ ချစ်သူ မပန်းဇင်ကိုကား မတွေ့ရ၊ ဒေါသအမျက် ခြောင်းခြောင်းထွက်နေသော စုန်းမကြီးကိုသာ တွေ့ရလေတော့၏။

သင်မင်းသားသည် ချစ်သူနှင့် တွေ့ရအောင်လာဟန်ရှိသည်တကား။ သို့သော် လှပသောငှက်ငယ်သည် အသိုက်၌ မရှိတော့။ ကြောင်သည် သူ့ကိုယူဆောင်၍ ပြေးလေပြီ။ ယခုမူ ထိုကြောင်က သင်၏ မျက်စိများကို ကုတ်ထုတ်ပစ်တော့အံ့''ဟု စုန်းမကြီးက ခြိမ်းခြောက်လေသည်။


မင်းသားမှာ ကြံရာမရ ကြောက်ရွံ့လှသဖြင့် မျှော်စင်ပေါ်မှ ခုန်ချလိုက်လေ၏။ ကံကောင်းထောက်မသဖြင့် သူသည် အသက်မသေပေ။ သို့ရာတွင် ဆူးချုံများပေါ်သို့ကျသဖြင့် သူ၏မျက်စိနှစ်လုံးမှာ ပေါက်သွားလေတော့၏။ သူသည် စမ်းတဝါးဝါးဖြင့် တောတွင်း၌ လှည့်လည်ကာ သစ်မြစ်၊ သစ်ဥတို့ကို ရှာဖွေစားသောက်နေရလေတော့၏။ သူသည် ချစ်သူနှင့်လည်း ကွဲကွာနေရသဖြင့် အလွန်ပင် စိတ်မချမ်းမြေ့ခြင်းဖြစ်ရလေသည်။ ဤသို့အားဖြင့် မင်းသားသည် နှစ်ပေါင်းများစွာပင် ခြေဦးတည့်ရာသို့ လှည့်လည်သွားလာနေရလေတော့၏။

တစ်နေ့တွင် သူသည် မပန်းဇင်ရှိရာ ကန္တာရထဲသို့ ရောက်သွားလေတော့၏။ ထိုအချိန်ဝယ် မပန်းဇင်မှာ အမြွှာပူးကလေး နှစ်ယောက်ရရှိနေပေပြီ။ တစ်ယောက်မှာ သားဖြစ်၍ ကျန်တစ်ယောက်မှာ သမီးဖြစ်လေသည်။ ထိုကလေးများမှာ မင်းသားနှင့် ပေါင်းသင်းရရှိသောကလေးများဖြစ်သည်။ သားနှင့် သမီးတို့အား တေးဆို၍ ချော့နေသော မပန်းဇင်၏ အသံကို မင်းသားကြားလေ၏။ သူသည် ချက်ချင်းပင် မပန်းဇင်၏ အသံဖြစ်သည်ကို သိရှိလေသည်။

ထို့ကြောင့် အသံကြားရာသို့ မှန်း၍ လိုက်သွားလေ၏။ မပန်းဇင်သည် အဝေးမှလာနေသော မင်းသားကို မြင်လျှင် မြင်ချင်းပင် မှတ်မိလေ၏။ ထို့ကြောင့် မင်းသားရှိရာသို့ ပြေးသွားကာ ပွေ့ဖက်ငိုယိုလေတော့၏။ ဤတွင် မပန်းဇင်၏ မျက်ရည်နှစ်ပေါက်သည် မင်းသား၏ မျက်လုံးနှစ်လုံးပေါ်သို့ ကျရောက်သွားလေတော့၏။ ထိုခဏ၌ပင် အလွန်အံ့ဩဖွယ်ရာကောင်းလောက်အောင် မင်းသားသည် မျက်စိပြန်မြင်လာလေတော့၏။

မင်းသားသည် မျက်စိလည်း မြင်၊ သားမယားတို့ကိုလည်း ပြန်လည်တွေ့ရသဖြင့် အလွန်အမင်းဝမ်းမြောက်နေလေသည်။ ထို့နောက် သူသည် မပန်းဇင်နှင့်တကွ သားငယ် သမီးငယ်တို့ကိုပါ ခေါ်ဆောင်ကာ သူ၏တိုင်းပြည်သို့ ပြန်ခဲ့လေ၏။ သူ၏ခမည်းတော်လည်း သူတို့အား ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလေသည်။ ထိုအချိန်မှစ၍ မပန်းဇင်တို့ မိသားစုသည် ပျော်ရွှင်ချမ်းမြေ့စွာ အသက်ထက်ဆုံးနေထိုင်ကြရလေတော့၏။ ။

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များစာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



# ရယ်စရာ ပြုံးစရာ နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**

လူတစ်ယောက်ဟာ ဆံပင်ညှပ်ဆိုင်ထဲမှာ မုတ်ဆိတ်ရိတ်နေတုန်း ဆံပင်ညှပ်သမားက မေးလိုက်တယ်။

"ဆရာသမား ဝင်လာတုန်းက လည်စည်းဟာ အနီရောင်လား"

မုတ်ဆိတ် အရိတ်ခံနေသူက "ဟာ... မဟုတ်တာပဲ၊ ကျုပ် လည်စီးတစ်ခုတောင် မစီးလာခဲ့ ပါဘူးဟ"

ဆံပင်ညှပ်သမားမှာ တံတွေးကို မြိုချလိုက်ပြီး ပြောလိုက်သည်က "အဲ... ဒါဆို ကျွန်တော်တို့မှာ ပြဿနာတစ်ခု ရှိနေပြီထင်တယ်ဗျာ..." တဲ့။



ဖားတွေကို ဥပဒေမဲ့ထားရင် ဘာတွေ ဖြစ်လာမလဲ။

သူတို့က ဖားပြုတ်တွေကို မောင်းထုတ်ပြီးသား ဖြစ်မှာပေါ့။






**စမတ်တီ** = "ကျွန်တော့်မှာ အင်မတန်ကြီးကျယ်တဲ့ ကြက်တူရွေးတစ်ကောင် ရှိနေတယ်ဗျ"

**အင်နီ** = "အဲသလို မင်း ဘာကြောင့်ပြောရတာလဲ"

**စမတ်တီ** = သူက ကျွန်တော့်ကိုမြင်တိုင်း ပြောတယ် "ပိုလီက ဘီစကွတ်ရှရှလေး တစ်ခု လိုချင်တယ်။ အဲဒီပေါ်မှာ ဒိန်ခဲလည်း ပါရမတဲ့ဗျာ..."

**အမျိုးသား** = "မင်း ဘာဖြစ်လို့ သိပ်လန့်နေတာလဲ၊ မင်းစားခဲ့တဲ့ တစ်ခုခုကြောင့်များလား"

**အမျိုးသမီး** = "ထင်တာပဲ၊ ကျွန်မမှာ ဖားရဲ့ ခြေထောက်တွေ ရနေပြီလေ"





(ဆက်လက်ဖော်ပြပါမည်)

လူမှု ၁၁၀

# လူငယ်များနှင့် ဆက်ဆံမှုဆိုင်ရာယုံကြည်မှု

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

လူသည် တစ်ဦးတစ်ယောက်တည်းနေ၍မရချေ။ ကမ္ဘာဦးအစမှကြည့်လျှင် လူသားအချင်းချင်း ဆက်ဆံမှုဖြင့် မြို့၊ ရွာ၊ တိုင်းပြည်အထိ တည်ဆောက်နိုင်ခဲ့ကြသည်။ လူငယ်များသည်လည်း မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ဆက်ဆံနေကြရသည်။ ပညာရေးနယ်ပယ်တွင် ဆရာ ဆရာမ၊ သူငယ်ချင်းများနှင့် ဆက်ဆံပေါင်းသင်းနေရသကဲ့သို့ မိမိ၏လူမှုအသိုင်းအဝိုင်းတွင်လည်း မိဘဆွေမျိုးများနှင့် အပြန်အလှန်ဆက်ဆံနေရသည်။ လူငယ်တို့၏ ဖြတ်သန်းမှုဘဝတွင် ပေါင်းသင်းဆက်ဆံရေးအဆင်ပြေမှုကို ဂရုစိုက်ရန်လိုသည်။ ဆက်ဆံမှုအဆင်ပြေစေရေးအတွက် အရေးကြီးသောအချက်မှာ ယုံကြည်မှုတည်ဆောက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအတွက် ဆက်ဆံမှုဆိုင်ရာ ယုံကြည်မှုတည်ဆောက်ရေးအတွက် မိမိတို့၏အပြုအမူများအား မည်သို့မှန်ကန်စွာအသုံးချရမည်ကို သိနားလည်ရန်လိုသည်။

လူငယ်များအနေဖြင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် အခြားသူများနှင့် ယုံကြည်မှုမြှင့်တင်ဖော်ဆောင်ခြင်းဖြင့် ပြဿနာများကို လျှော့ချပေးနိုင်သည်။ အဓိကအရေးကြီးသောသော့ချက်မှာ အချိန်နှင့်အခြေအနေအားလုံးတွင် လူငယ်များသည် တစ်သမတ်တည်း ပြုမူဆောင်ရွက်ခြင်းဖြစ်သည်။ လူအများနှင့် ဆက်ဆံရေးအဆင်ပြေပြီး ယုံကြည်မှုတည်ဆောက်နိုင်ရန် အောက်ပါအပြုအမူများကို လက်တွေ့အသုံးချနိုင်သည်။

(၁) ဖြောင့်ဖြောင့်မှန်မှန် ပြောဆိုပါ။
(၂) လေးစားမှုကို ပြသပါ။
(၃) ပွင့်လင်းမှုရှိပါစေ။
(၄) မှားယွင်းမှုများကို မှန်အောင်ပြုလုပ်ပါ။
(၅) သစ္စာရှိမှုကို ပြသပါ။
(၆) ရလဒ်များကို ဖော်ဆောင်ပါ။
(၇) ပိုမိုကောင်းမွန်အောင် ပြုလုပ်ပါ။
(၈) အမှန်တရားကို ထိပ်တိုက်ရင်ဆိုင်ပါ။
(၉) မျှော်လင့်ထားမှုများကို ဖော်ပြပါ။
(၁၀) တာဝန်ခံပါ။
(၁၁) ပထမဦးဆုံး နားထောင်ပါ။
(၁၂) ကတိကဝတ်များကို ရရှိအောင်ပြုလုပ်ပါ။
(၁၃) ယုံကြည်မှုကို တိုးချဲ့ပါ။

ပညာရေး၊ လူမှုရေး၊ စီးပွားရေး အလုပ်အကိုင်နယ်ပယ်အသီးသီးတွင် လူငယ်များသည် အထက်ဖော်ပြပါ အပြုအမူများမွေးမြူနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် အနာဂတ်၏ခေါင်းဆောင်များအဖြစ် အရည်အသွေးပြည့်ဝသူများ၊ ယုံကြည်မှုတည်ဆောက်နိုင်သောဆက်ဆံရေးကို ဖော်ဆောင်နိုင်သူများ ဖြစ်လာနိုင်သည်။

ဤတွင် လူငယ်များအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိရန် ပထမဦးစွာပျိုးထောင်ရန်လိုသည်။ ဖော်ပြပါအပြုအမူများဖြင့် တခြားသူများကို ဆက်ဆံနိုင်ရန် ကြိုးစားရင်း ယုံကြည်မှုတည်ဆောက်ရန်လိုသည်။ ထိုမှတစ်ဆင့် ယုံကြည်မှုကို မြှင့်တင်ပေးနိုင်သည်။ လူငယ်များသည် ကောင်းသောအပြုအမူကို ဖော်ဆောင်နိုင်လျှင် အခြားသူများနှင့် ယုံကြည်မှုတည်ဆောက်နိုင်သည်။ ဤသို့ဖြင့် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ပေးနိုင်သည်။

လူငယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ခေါင်းဆောင်ကောင်းစိတ်ဓာတ် မွေးမြူနိုင်ရန် အထက်ဖော်ပြပါ အပြုအမူ (၁၃)မျိုးဖြင့် မိမိကိုယ်ကို ပြုစုပျိုးထောင်ပြီး အခြားသူများနှင့်ဆက်ဆံရေးဆိုင်ရာ ယုံကြည်မှုကို တည်ဆောက်ရန်အရေးကြီးသည်။ လူငယ်များသည် ယင်းအပြုအမူများကို အသုံးပြုနိုင်သည်။ ဤသို့ဖြင့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများကို တိုးပွားလာနိုင်သည်။

လူငယ်များအနေဖြင့် ယင်းအပြုအမူများကို ဆောင်ရွက်ပြောဆိုရာ၌ စိတ်ထဲတွင် စွဲမြဲထားရမည့် အဓိကအချက် (၂) ချက်ရှိသည်။ ယင်းတို့မှာ

(၁) ယင်းအပြုအမူတစ်ခုစီတွင် အကောင်းဆုံးအချက်တစ်ချက်ရှိသည်။ အပြုအမူသည် အလွန်အကျွံဖြစ်သွားသောအခါ အားသာချက်တစ်စုံတစ်ရာသည် အားနည်းချက်ဖြစ်သွားနိုင်သည်။ အလွန်အမင်းကောင်းမွန်ခြင်းသည်လည်း အလွန်နည်းပါးသွားသကဲ့သို့ ပျက်စီးသွားခြင်းဖြစ်နိုင်သည်။ ယင်းအချက်ကို အစဉ်အမြဲရှာဖွေရမည်ဖြစ်သည်။

> ❝ လူငယ်တို့၏ ဖြတ်သန်းမှုဘဝတွင် ပေါင်းသင်းဆက်ဆံရေး အဆင်ပြေမှုကို ဂရုစိုက်ရန်လိုသည်။ ဆက်ဆံမှုအဆင်ပြေစေရေးအတွက် အရေးကြီးသောအချက်မှာ ယုံကြည်မှုတည်ဆောက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအတွက် ဆက်ဆံမှုဆိုင်ရာ ယုံကြည်မှုတည်ဆောက်ရေးအတွက် မိမိတို့၏အပြုအမူများအား မည်သို့မှန်ကန်စွာ အသုံးချရမည်ကို သိနားလည်ရန်လို ❞

(၂) ယင်းအပြုအမူ (၁၃) မျိုး၏ အရာထင်မှုကို စိတ်ထဲတွင် မြင်ယောင်ခြင်းအတွက် ယုံကြည်မှုတည်ဆောက်နိုင်သော နည်းလမ်းများအတိုင်း လူအများကို ပြုမူဆက်ဆံရမည်ဖြစ်သည်။

'ဝါရင်း ဘူးဖတ်' ဆိုသူက "သင့်ဂုဏ်သိက္ခာကို တည်ဆောက်ရန် နှစ်ပေါင်းနှစ်ဆယ်ကြာပြီး ယင်းကို ဖျက်ဆီးရန် ငါးမိနစ်မျှသာ ကြာသည်" ဟု ဆိုခဲ့သည်။ ထို့ပြင် CEO တစ်ဦးဖြစ်သော Hank Paulson ကလည်း "ယုံကြည်မှုကို ဆောင်ရွက်မှုမှတစ်ဆင့် ဖော်ဆောင်ရသည်" ဟု ဆိုခဲ့သည်။ သို့ဖြစ်ရာ လူငယ်များသည် လူငယ်ဆက်ဆံရေးနယ်ပယ်တွင် ဆက်ဆံရေးဆိုင်ရာယုံကြည်မှုဖြင့် နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများအဖြစ် လှမ်းတက်နိုင်မည်ဖြစ်ပေသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃၀-၃-၂၀၂၃ ရက်မှအဆက်

"အဲ၊ အဲ။ နေပါဦး ဆရာကြီး။ စစ်ကိုင်းခရိုင် အုန်းတောကျေးရွာလေးမှာ ညီလာခံ နှီးနှောဆွေးနွေးပွဲကြီးတွေ လုပ်တယ်ဆိုတော့ ကျုပ်တို့လို ထန်းသမားတွေကရော သည်နှီးနှောဖလှယ်ပွဲကြီးမှာ တက်ရောက်ပြီး မဆွေးနွေးကြဘူးလား"

ဘကြီးထွန်းဘော်က ဆရာကြီး ဦးလှဒင်၏ စကားအပြတ် ဝင်မေးလိုက်သည်။

"ထန်းသမားတွေပါ တက်ပြီး ဆွေးနွေးတယ်ဆိုတဲ့ အကြောင်းတော့ မတွေ့ရဘူး"

ဆရာကြီး ဦးလှဒင်က အမှန်အတိုင်း ပြောပြလိုက်ရာ ဘကြီးထွန်းဘော်က–

"စစ်ကိုင်းခရိုင်ထဲမှာ နှီးနှောပွဲလုပ်တယ်ဆိုတော့ စစ်ကိုင်းနဲ့ မုံရွာက နီးတယ်မဟုတ်လား။ ပြီးတော့ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ မန္တလေး၊ အင်းဝ တို့မှာလည်း ထန်းတက်ပြီး ကျုပ်တို့လို အသက်မွေးတဲ့ ထန်းသမားတွေလည်း အများကြီးရှိတယ် မဟုတ်လား။ ကျုပ်တို့ ထန်းသမားတွေကို အစိုးရက မေ့နေလို့ ကျန်များနေတာလားဗျာ"

"အရီးထွန်းဘော် ပြောသလို ဟုတ်ချင်လည်း ဟုတ်မပေ့ါ။ ဒါတော့ အမှန်မပြောနိုင်ဘူး"

ဆရာကြီး ဦးလှဒင်က ဘကြီးထွန်းဘော်၏ အမေးကို ရှင်းပြသည်။ ထိုနောက် ဆက်လက်ပြီး –

"ဒါပေတဲ့ ထန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ထားပြီး အသက်မွေးမြူနေကြတဲ့ နယ်တွေဟာ မြန်မာပြည်မှာဆိုရင် ခုနက နယ်တွေအပြင် ကျွန်တော်တို့ ကျောက်ပန်းတောင်းနယ်၊ နောက် မလှိုင်၊ တောင်သာ၊ မိတ္ထီလာ၊ မြင်းခြံ၊ ပုဂံ၊ ညောင်ဦး၊ ပြည် စတဲ့ နယ်တွေရောဆိုရင် မနည်းပါဘူး။ ဒီအထဲ အဓိက မဟုတ်သော်လည်း တောင်သူတစ်ဖက်နဲ့ ထန်းတက်နေတဲ့ နယ်တွေပါဆိုရင် မြန်မာပြည် အနှံ့အပြားမှာ ရှိပါတယ်။ အောက်မြန်မာပြည် အချို့နယ်တွေမှာဆိုရင်လည်း လယ်တစ်ဖက်နဲ့ အနည်းအကျဉ်းစီ ထန်းတက်နေကြတာကို တွေ့ရပါတယ်"

"သည်လိုဆိုရင် ကျုပ်တို့ မြန်မာပြည်မှာ ထန်းနဲ့ အသက်မွေးနေတဲ့ နယ်ဟာ မနည်းပါလား"

ဦးစံကျော်ကလည်း ဆရာကြီး ဦးလှဒင်ထံမှ သိရချက်ကို တအံ့တသြဖြင့် ဝင်ထောက်လိုက်သည်။

ထိုစဉ် နောက်ဘက်နားရှိ ဆယ်ရင်ကလည်း –

"သလိုဆိုရင် စောစောက ထန်းစိုက်ထားတဲ့ မြေတွေဟာ ဧကခြောက်သောင်းလောက် ရှိတယ်လို့ ကြားလိုက်ရတယ်။ သည်လောက်ကပ့ဲမလား ဆရာကြီး" ဟု စဉ်းစားစရာအချက်လေးများပါ ထည့်၍ ဝင်မေးလိုက်သည်။

"ဟုတ်ကဲ့၊ ဒါဟာလည်း စဉ်းစားစရာ အချက်ပါပဲ။ အဲဒီတော့ ကျွန်တော် မှတ်သား လေ့လာထားတဲ့ နှစ်အလိုက် ထန်းစိုက်ပျိုးထားတဲ့ ဧကတွေ ကြည့်ပြီး ပြောကြရအောင်"

ထိုနောက် ဆရာကြီး ဦးလှဒင်သည် သူ့ဖိုင်တွဲလှန်၍ နှစ်အလိုက် ထန်းစိုက်ပျိုးထားသော စာရင်းဇယားပါ ဧကများကို ရှင်းပြဆွေးနွေးလေသည်။

"ဒီစာရင်းဇယားမှာ ကြည့်ပါ။ ၁၉၁၀ ခုနှစ်က မြန်မာပြည် တစ်ပြည်လုံးမှာ စိုက်ပျိုး ပေါက်ရောက်နေပြီးဖြစ်တဲ့ ထန်းမြေဧကပေါင်းဟာ တစ်သိန်း နှစ်သောင်းကျော် ရှိပါတယ်။ ဒါပေတဲ့ အခြားနှစ်တွေရဲ့ စာရင်းနဲ့ ၁၉၄၇ ခုနှစ်အထိ စာရင်း၊ နောက် ၁၉၆၂ ခုနှစ် စာရင်းမှာဆိုရင် ထန်းမြေဧကပေါင်းဟာ နှစ်သောင်းကနေပြီး ခြောက်သောင်းကျော် ပတ်ဝန်းကျင်မှာချည်း ဖြစ်နေပါတယ်။

| နှစ် | ထန်းပင် ဧရိယာ ဧကပေါင်း | | | အကြောင်းအရာ |
|---|---|---|---|---|
| | အောက်မြန်မာပြည် | အထက်မြန်မာပြည် | စုစုပေါင်း | |
| ၁၉၀၅ | ၆၄၁ | ၂၇,၆၀၀ | ၂၈,၂၄၁ | |
| ၁၉၁၀ | ၇၆၀ | ၁၂၆,၉၇၉ | ၁၂၇,၇၃၉ | အများဆုံးနှစ် |
| ၁၉၂၀ | ၃၂၉ | ၂၁,၈၉၀ | ၂၂,၂၁၉ | |
| ၁၉၃၀ | ၃၀၅ | ၂၀,၈၈၄ | ၂၁,၁၈၉ | |
| ၁၉၄၀ | ၁,၁၄၄ | ၆၀,၄၇၅ | ၆၁,၅၁၉ | |
| ၁၉၄၁ | ၁,၀၅၀ | ၆၀,၅၁၆ | ၆၁,၅၆၆ | |
| ၁၉၄၂ | .......... | .......... | .......... | စာရင်းမရ |
| ၁၉၄၃ | ၆၃၁ | ၆၀,၃၈၃ | ၆၁,၀၁၄ | |
| ၁၉၄၄ | ၅၅၇ | ၆၀,၃၄၇ | ၆၀,၉၀၄ | |
| ၁၉၄၅ | .......... | .......... | .......... | စာရင်းမရ |
| ၁၉၄၆ | ၈၆၁ | ၆၀,၄၅၃ | ၆၁,၃၁၄ | |
| ၁၉၄၇ | ၈၉၇ | ၆၀,၄၄၃ | ၆၁,၃၄၀ | |
| * ၁၉၆၂ | .......... | .......... | ၅၇,၀၀၀ | |

စာပေဗိမာန်ထုတ် ဦးလှမောင် ရေးသော "ပဒေသာပင်များ" စာအုပ်၊ စာမျက်နှာ (၃၇၂) မှ။

* ပြည်သူ့သို့ အစီရင်ခံစာမှ။

**မှတ်ချက်။** ။ ထန်းတစ်ပင်လျှင် တစ်နှစ်အတွက် ပျမ်းမျှ ထန်းလျက် ၁၂.၆၇ ပိဿာ ထွက်သည်။ (သို့သော် ထန်းပင်လိုက်၍ ထန်းတစ်ပင် တစ်နှစ်အတွင်း တစ်သီးစား တက်လျှင် ၂၅ ပိဿာခန့်၊ နှစ်သီးစား တက်လျှင် ၃၅ ပိဿာမှ ၅၀ ပိဿာထိ ထွက်သည်။)

"ဒီနေရာမှာ ကျွန်တော်တို့ စဉ်းစားဖို့ ရှိပါတယ်။ ထန်းပင်ဆိုတာမျိုးဟာ တခြား ကောက်ပဲသီးနှံပင်တွေလို သုံးလေးလအတွင်းမှာပဲ စိုက်ပျိုးပေါက်ရောက် ဖြစ်ထွန်းပြီး သေကျေသွားတဲ့ သက်ငယ်အပင်မျိုး မဟုတ်ပါဘူး။ နှစ်ရှည်စီမံကိန်းချပြီးမှ စိုက်ပျိုးရတဲ့ ထာဝရအပင်မျိုးပါ။

"ထန်းတစ်ပင်ဟာ စပြီး စိုက်တဲ့အချိန်ကစပြီး အနှစ် ၂၀ လောက်ရှိမှ သီးခိုင်နို့ခိုင်တွေ ထွက်ပြီး ထန်းရည် ခံယူရရှိတယ်မဟုတ်လား။ မြေကောင်းပြီး အင်မတန် ထန်းသန်တဲ့အပင်ကျမှ ၁၅ နှစ် ၁၆ နှစ် လောက်နဲ့ ထန်းထွက်ကြတယ် မဟုတ်လား။ အဲဒီလို ၁၆ နှစ်သားလောက်ကစပြီး အနှစ် ၆၀၊ ၇၀ လောက်ထိ ထန်းတက်ပြီး ထန်းရည်ခံယူကြတယ် မဟုတ်လား။ ဟိုဘက်ကျတော့သာ ထန်းပင်မြင့်လွန်းလို့ မတက်နိုင်တော့တာ။ ထန်းသက်ကျတော့လည်း အနှစ် ၁၀၀ လောက်ကနေပြီး နှစ်ပေါင်း ၁၅၀ လောက်ထိ မခုတ်လှဲဘဲ ထားရင် အသက်ရှည်တယ်လို့ ဆိုကြတယ်မဟုတ်လား။ ဒါပေမဲ့ ထန်းသက်မစေ့မီ လူတွေက ခုတ်လှဲပြီး အသုံးပြုပစ်လိုက်လို့သာ။ အေးလေ ထန်းပင်အကြောင်း ကျွန်တော့်ထက် ခင်ဗျားတို့က ပိုသိပါတယ်"

"ဟုတ်မယ်ဗျို့၊ ခုထက်ထိတောင် မတ္တရာနယ်ဘက်မှာဆိုရင် အိမ်ရှေ့ကနောင်မင်းသားကြီးရဲ့ ထန်းတောတွေတောင် ရှိနေသေးတယ်လို့ ပြောသံကြားရတယ်"

ဘကြီးထွန်းဘော်က ဒိုးဒိုးဒေါက်ဒေါက်နှင့် ဝင်ထောက်လိုက်သည်။

ထိုနောက် အခြားထန်းသမားများကလည်း ဘယ်ရွာ ဘယ်ကျောင်းထဲက ထန်းပင်သည် အနှစ်တစ်ရာလောက် ရှိနေပြီ၊ ဘယ်အနောက်ဘက် စည်းရိုးက ထန်းပင်ညီနောင်မှာလည်း အနှစ်ရှစ်ဆယ်ကျော်လောက် ရှိနေပြီဟု ပြောသံကြားရကြောင်း စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝင်ရောက်ပြောနေကြသည်။

ထိုနောက် ဦးလှဒင်က သူ့စကားကို ဆက်ပြန်သည်။

"အဲဒီလို တစ်ခါစိုက်ထားရင် နှစ်ပေါင်း တစ်ရာ ကိုးဆယ်လောက် အသက်ရှည်တဲ့ ထန်းပင်စိုက်မြေဧကတွေရဲ့ တစ်နှစ်နဲ့တစ်နှစ် ကွာခြားမှု စဉ်းစားစရာအချက်ပါပဲ။ ကြည့်လေ ၁၉၁၀ ခုနှစ်က ထန်းမြေဧကပေါင်း တစ်သိန်းနှစ်သောင်းကျော် ရှိရင် ဒို့အရင် ၁၉၀၅ ခုနှစ်မှာလည်းကောင်း၊ ဒီဘက် ၁၉၂၀ ခုနှစ် မှာလည်းကောင်း ထန်းဧကမြေဟာ တစ်သိန်းကျော်ချည်း ရှိရမှာပဲ။ အဲဒီလိုပဲ ၁၉၄၇ ခုနှစ်နဲ့ ၁၉၆၂ ခုနှစ်ထိလည်း တစ်သိန်းကျော်ချည်း ရှိရမှာပဲ။ ဘယ်နည်းနဲ့မှ သေကျေမကုန်နိုင်သေးပါဘူး။ ပြီးတော့ နောက်ထပ်စိုက်ပျိုးတဲ့ အပင်၊ မျိုးဆက်ပျံ့နှံ့ပြီး အလေ့ကျပေါက်လာတဲ့အပင်။ တစ်နေရာမှာ ထန်းတောဖြစ်မိရင် ဒီထန်းတောဟာ ဘယ်တော့မှ မပြုန်းတော့ဘူး မဟုတ်လား။ ဒါလည်း ခင်ဗျားတို့ အသိပါ။

"ကျွန်တော် ထင်တယ်လေ။ ထန်းလျက်အဖြစ် ထုတ်လုပ်ဖို့ ထန်းတက်တဲ့ ထန်းတောတွေကိုပဲ အဓိကထားပြီး စာရင်းယူတယ်လို့ ထင်ပါတယ်။ ဒီတော့ ဒီနေ့မြန်မာပြည်မှာ အရင်သေတဲ့ အပင်တွေက သေကျေကုန်ဦးတော့၊ နောက်ထပ်ပေါက်လာတဲ့ အပင်တွေကောဆိုရင် မတက်တဲ့ထန်းရော တက်တဲ့ထန်းရော (ထန်းလျက်အဖြစ် ထုတ်ယူခြင်းကို ဆိုလိုသည်) ထန်းမြေဧကပေါင်းဟာ တစ်သိန်းကျော်လောက်ရှိပြီး ထန်းပင်ပေါင်းဟာလည်း ၄၊ ၅ သန်း လောက် ရှိလိမ့်မယ် ခန့်မှန်းရပါတယ်"

"သလိုဆိုရင် ကျုပ်တို့လို ထန်းသမားတွေရော၊ မြန်မာပြည် တစ်ပြည်လုံးမှာ ဘယ်လောက်လောက်ရှိမယ် ထင်သလဲ ဆရာကြီး"

ဦးစံကျော်က ဝင်ရောက် စပ်စုလိုက်ပြန်သည်။

"ဒီနေရာမှာ အပိုင်းနှစ်ပိုင်းခွဲပြီး ပြောရလိမ့်မယ် ထင်ပါတယ်။

(၁) ထန်းကို အဓိကထား၍ အသက်မွေးသူ ထန်းသမား
ဦးရေပေါင်း ၁ သိန်းကျော်

(၂) လယ်ယာတစ်ဖက်နှင့် ထန်းတက်သူ ထန်းတောင်သူ
ဦးရေပေါင်း ၁ သိန်းကျော်

ပေါင်း ၂ သိန်းကျော်

"ဒီခန့်မှန်းချက်အရ ထန်းကို အဓိကထား အသက်မွေးသူ မှီခိုသူပေါင်းပါဆိုရင် ပျမ်းမျှလူဦးရေဟာ ၅ သိန်းကျော်လောက်တော့ ရှိလိမ့်မယ်ထင်ပါတယ်"

"ဒါနဲ့ နေပါဦး ဆရာကြီး" ဟု ကိုစံအေးက မဝံ့တဝံ့ဖြင့် အသံပြုလိုက်သည်။

ဦးလှဒင်သည် အသံကြားရာ ကွပ်ပျစ်စွန်းဘက်သို့ လှမ်းကြည့်လိုက်သည်။

သည်တော့မှ ကိုစံအေးက သူ့စကားကို ဆက်လက်ပြောဆိုလာသည်။

"ကျွန်တော်တို့ ဟိုကိစ္စဗျာ၊ ဘာတဲ့ ဦးနုအစိုးရလက်ထက်တုန်းက ထန်းပင်တွေကို ခုတ်လှဲပြီး စက္ကူစက်တည်မယ် ဆိုလား ဘာဆိုလား သတင်းကြားလိုက်ရတယ်။ ဘာ့ကြောင့်ဆိုတော့ ထန်းပင်တွေဟာ ထန်းလျက်ချက်ဖို့အတွက် ဒို့ပြင် သစ်ပင်တွေကို ခုတ်လှဲ မီးဆိုက်ပစ်ရလို့ ဒီထန်းပင်တွေဟာ သစ်ဘီလူးတွေတဲ့။ သို့မို့လို့ ကြာရင် သစ်တောတွေ ပြုန်းကုန်ပြီး မိုးခေါင်သွားလိမ့်မယ်တဲ့။ အဲဒါ နောက်ထပ် ဘယ်လိုသတင်းကြားသေးသလဲ ဆရာကြီး"

**ဆက်လက်ဖော်ပြပါမည်။**

**"ထန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ထားပြီး အသက်မွေးမြူနေကြတဲ့ နယ်တွေဟာ မြန်မာပြည်မှာဆိုရင် ခုနက နယ်တွေအပြင် ကျွန်တော်တို့ ကျောက်ပန်းတောင်းနယ်၊ နောက် မလှိုင်၊ တောင်သာ၊ မိတ္ထီလာ၊ မြင်းခြံ၊ ပုဂံ၊ ညောင်ဦး၊ ပြည် စတဲ့နယ်တွေရောဆိုရင် မနည်းပါဘူး။ ဒီအထဲ အဓိကမဟုတ်သော်လည်း တောင်သူတစ်ဖက်နဲ့ ထန်းတက်နေတဲ့ နယ်တွေပါဆိုရင် မြန်မာပြည်အနှံ့အပြားမှာ ရှိပါတယ်။ အောက်မြန်မာပြည် အချို့နယ်တွေမှာဆိုရင်လည်း လယ်တစ်ဖက်နဲ့ အနည်းအကျဉ်းစီ ထန်းတက်နေကြတာကို တွေ့ရပါတယ်"**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

# ကစားဖို့ ကိုးပွဲအလိုမှာ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့



အာဆင်နယ်အသင်းဟာ ဧပြီ ၁ ရက် ညပိုင်းက လိဒ်စ်ယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကစားဖို့ကိုးပွဲအလိုမှာ အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းကို ရှစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

အာဆင်နယ်အသင်းနဲ့ လိဒ်စ်ယူနိုက်တက်အသင်းတို့ပွဲစဉ်မှာ ဂါဘရီယယ်ဂျီးဆပ်က နှစ်ဂိုး၊ ဘန်ဝှိုက်က တစ်ဂိုးနဲ့ ဇာကာက တစ်ဂိုး သွင်းယူပေးခဲ့ပြီး လိဒ်စ်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကိုတော့ ခရစ္စတန်ဆန်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဂါဘရီယယ်ဂျီးဆပ်ဟာ အောက်တိုဘာ ၁ ရက်က မြောက်လန်ဒန်ပြိုင်ဘက် စပါးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်နောက်ပိုင်း အာဆင်နယ်အသင်းနဲ့အတူ ပထမဆုံး ဂိုးပြန်လည်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ချိန်မှာ အာဆင်နယ်အသင်းက ငါးမှတ်သာ မန်စီးတီးအသင်းကို ဖြတ်ထားနိုင်ခဲ့ပေမယ့် လိဒ်စ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ရှစ်မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းက ရမှတ် ၇၂ မှတ် စုဆောင်းထားနိုင်ခဲ့ပြီး မန်စီးတီးအသင်းက တစ်ပွဲလျော့ ရမှတ် ၆၄ မှတ်ရရှိထားတာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲမှာ လီဗာပူးအသင်း၊ ဝက်စ်ဟမ်းအသင်း၊ ဆောက်သမ်တန်အသင်း၊ မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့မယ်ဆိုရင် ၂၀၁၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ် ပြန်လည်သိမ်းပိုက်နိုင်ခွင့်ရရှိဖို့ အခွင့်အရေးရရှိတော့မှာလည်း ဖြစ်ပါတယ်။

## ခရစ္စတယ်ပဲလေ့စ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ဘရန်ဒန်ရော့ဂျာကို နည်းပြအဖြစ်မှ ထုတ်ပယ်

လက်စတာစီးတီးအသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲမှာ ငါးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် နည်းပြဘရန်ဒန်ရော့ဂျာကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ ဧပြီ ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး တန်းဆင်းဇုန်အတွင်း ရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းဟာ ဘရန်ဒန်ရော့ဂျာကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွင်းမှာ အက်ဖ်အေဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။



လက်ရှိအချိန်မှာ လက်စတာစီးတီးအသင်းက ဘရန်ဒန် ရော့ဂျာကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီ ဖြစ်တာကြောင့် ယခုဘောလုံးရာသီအတွင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ အသင်းနည်းပြ အဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတဲ့ ၁၂ ဦးမြောက် နည်းပြလည်း ဖြစ်လာခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်

## နိုင်ပွဲနဲ့အတူ ခရီးဦးကြိုဆိုခံခဲ့ရတဲ့ နည်းပြ ရွိုင်းဟော့ဂ်ဆန်

ဧပြီ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နည်းပြရွိုင်းဟော့ဂ်ဆန်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြအဖြစ် တစ်ကျော့ပြန်ခရီးအစမှာ နိုင်ပွဲနဲ့အတူ ခရီးဦးကြိုဆိုခံခဲ့ရပြီ ဖြစ်ပါတယ်။

### ပရီမီယာလိဂ် ပထမဆုံးနိုင်ပွဲ

ခရစ္စတယ်ပဲလေ့စ်အသင်းက လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ တစ်ကျော့ပြန် နည်းပြရွိုင်းဟော့ဂ်ဆန်အတွက် ပထမဆုံးကိုင်တွယ်စဉ် နိုင်ပွဲနဲ့ အဖွင့်လှခဲ့သလို ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ၂၀၂၃ ခုနှစ်အတွင်း ပရီမီယာလိဂ် ပထမဆုံးနိုင်ပွဲလည်း ဖြစ်ခဲ့ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့လို့ တန်းဆင်းဇုန်အထက် ငါးမှတ်အကွာ အမှတ်ပေးဇယား အဆင့်(၁၂)နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့ပြီး လက်စတာစီးတီးအသင်းကတော့ အဆင့်(၁၈)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ဒါ့ပြင်



လက်စတာစီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ရှုံးနိမ့်ခဲ့လို့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ခြောက်ပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ❍ လီဗာပူးအသင်းနဲ့မန်စီးတီးအသင်းတို့ဟာ ချယ်လ်ဆီးအသင်းရဲ့ အင်္ဂလန်ကွင်းလယ် ကစားသမား မာဆင်မောင့်ကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- ❍ လက်စတာစီးတီးအသင်းဟာ အသက် ၃၀ အရွယ်ရှိ အင်္ဂလန်နောက်ခံလူ မာကွိုင်းယားကို မန်ယူအသင်းထံမှ အငှားစာချုပ်နဲ့ ပြန်လည်ခေါ်ယူခွင့်ရရှိရေး ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- ❍ အသက် ၂၇ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး အန်တိုနီမာရှယ်ဟာ ယခုအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းက ရောင်းချမယ့် ကစားသမားရှစ်ဦးစာရင်းမှာ ပါဝင်နေတယ်လို့ သိရပါတယ်။
- ❍ စပါးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ မန်စီးတီးအသင်းမှ စပိန်နောက်တန်းကစားသမား လာပေါ့တီကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

## ၂၀၁၉ ခုနှစ်နောက်ပိုင်း စပိန်လာလီဂါဖလားကို ပထမဆုံးအကြိမ် သိမ်းပိုက်ခွင့်ရတော့မယ့် ဘာစီလိုနာ


စပိန်လာလီဂါရဲ့ နာမည်ကြီးအသင်းတစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းဟာ လာလီဂါပွဲစဉ်(၂၇)မှာ အဲလ်ချီအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို ၁၂ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီဖြစ်လို့ ၂၀၁၉ ခုနှစ်နောက်ပိုင်း စပိန်လာလီဂါဖလားကို ပထမဆုံးအကြိမ် သိမ်းပိုက်ခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။

### သွင်းယူပေးခဲ့

အဲလ်ချီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို လီဝန်ဒိုစကီးက နှစ်ဂိုး၊ အန်ဆူဖာတီက တစ်ဂိုးနဲ့ ဖာရန်တောရက်စ်က တစ်ဂိုး သွင်းယူပေးခဲ့တာပါ။ လီဝန်ဒိုစကီးဟာ အခုပွဲစဉ်မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ယခုဘောလုံးရာသီအတွင်း ဘာစီလိုနာအသင်းနဲ့အတူ စပိန်လာလီဂါသွင်းဂိုး ၁၇ ဂိုး ရှိလာခဲ့ပြီဖြစ်ပါတယ်။

အမှတ်ပေးဇယား ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းဟာ လာလီဂါပွဲစဉ်(၂၇)မှာ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိတာကြောင့် ဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ၁၂ မှတ်သာ ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ရှင်ရဟန်းကျင့်ဝတ် မြန်မာစကားပြေအနက်အဓိပ္ပာယ်နှင့် ဝိနည်းပါဠိတော်ကောက်နုတ်ချက်များ




စာရေးသူ ရှင်သံဝရ(လင်းကိုကို) (၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရ) စီစဉ်ရေးသားသည့် ရှင်ရဟန်းကျင့်ဝတ် မြန်မာစကားပြေအနက်အဓိပ္ပာယ်နှင့် ဝိနည်းပါဠိတော်ကောက်နုတ်ချက်များ စာအုပ် ထွက်ရှိလာသည်။


အဆိုပါစာအုပ်တွင် ဗုဒ္ဓမြတ်စွာသည် ကမ္ဘာအသင်္ချေပါရမီတွေ ဖြည့်ကျင့်ပြီးမှ ခဲခဲယဉ်းယဉ်းတွေ့သိခဲ့ရသော နိယျာနိကသဒ္ဓမ္မဖြစ်၍ ကာလမြားမြောင် ရှည်မြင့်ကြာအောင် တည်စေလိုခြင်း ဆန္ဒတော်ရင်းဖြင့် နေ့ညမနား ဟောကြားဆုံးမတော်မူခဲ့သော သဒ္ဓမ္မသုံးဖြာသာသနာတော်၏ မြဲမြဲတည်တံ့အရှည်ခံဖို့အရေးမှာလည်း အခြေခံအကြောင်းရင်းနှင့် မကင်းနိုင်၊ အခြေခံအကြောင်းရင်း ပြည့်တင်းပါမှ သဒ္ဓမ္မသုံးဖြာအကျိုးဆက် သာသနာတော်သည် ကာလမြားမြောင်ရှည်မြင့်ကြာအောင် တည်တံ့ပေလိမ့်မည်။ ၎င်း သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး၏ မြဲမြဲတည်တံ့အရှည်ခိုင်ခံ့ခြင်း၏အကြောင်းရင်းမှာ ဝိနည်းဒေသနာတော်သာဖြစ်လေသည်။

ထိုဝိနည်းဒေသနာတော်သည်လည်း (၁) ဂိဟိဝိနယ- လူသားတို့အကျင့်သိက္ခာဝိနည်း။ (၂) သမဏဝိနယ- ရဟန်းသာမဏေတို့ အကျင့်သိက္ခာဝိနည်းအားဖြင့် နှစ်မျိုးနှစ်စားရှိလေသည်။

ဗုဒ္ဓဘာသာအမွေကို ဆက်ခံလိုသောလူပုဂ္ဂိုလ်များ၊ သာသနာ့အမွေကို လက်ဆင့်ကမ်းလိုသောပုဂ္ဂိုလ်များ၊ အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်လိုသူပုဂ္ဂိုလ်များနှင့် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သာသနာအဓွန့်ရှည်စေလိုသူ ပုဂ္ဂိုလ်များအားလုံး လက်ကိုင်ပြုသင့်သော စာအုပ်တစ်အုပ် ဖြစ်သည်။

**စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက်မှ တန်ဖိုးငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။**

## ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ




စာရေးသူ ပုံချီ စီစဉ်ရေးသားသည့် ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ စာအုပ် ထွက်ရှိလာသည်။

မြန်မာ့သမိုင်းပြောကြရာတွင် သာမန်လောက်သာ ဖတ်ဖူးမှတ်ဖူးသူများအဖို့ မြန်မာနိုင်ငံ၏သမိုင်းသည် အေဒီ ၁၁ ရာစု အနုရုဒ္ဓါ (ခေါ်) အနော်ရထာမင်းစောလက်ထက်မှ စတင်သည်ဟု တွေးထင်ကြသည်။ ရှေးဟောင်းရာဇဝင်များအကြောင်းကို ပြောဆိုဆွေးနွေးကြရာ၌ အယူအဆအမျိုးမျိုး၊ ကြားဖူးနားဝအဖုံဖုံပေမို့ "သူ့ဟာက အမှား၊ ငါ့ဟာက အမှန်" စသည်ဖြင့် မိုးမဆုံးမြေမဆုံး ငြင်းလို့မဆုံး ဖြစ်ရတတ်သည်။ အငြင်းအခုံကိစ္စများပါလေ့ရှိသောကြောင့် တုတ်ထမ်း၊ ဓားထမ်းပြီး ပြောကြရသည်ဆိုသော အဆိုတစ်ရပ်ပင် ပေါ်ခဲ့ဖူးသည်။ ထို့ကြောင့်ပင် တုတ်ထမ်းပြီးမငြင်းကြနဲ့၊ ပေါက်ပြားထမ်းပြီးငြင်းကြဟု ဆရာကြီး ဦးဖေမောင်တင်က အမိန့်ရှိခဲ့ဖူးသည်။ မြေသားအတွင်းမှ တူးဖော်တွေ့ရှိသော ကျောက်စာချပ်၊ ရုပ်တုလက်ပြတ်၊ အုတ်ကျိုးအုတ်ပဲ့နှင့် အိုးကွဲ စသည်တို့ကသာ ရာဇဝင်ဆိုင်ရာ အချက်အလက်တို့ကို အတိအကျပြောနိုင်၊ အဆုံးအဖြတ်ပေးနိုင်လိမ့်မည်ဟုဆိုလိုကြောင်း နားလည်ရပါသည်။ သမိုင်းပညာရပ်သည် ခေတ်မီလာသည်နှင့်အမျှ စနစ်တကျရှာဖွေတူးဖော်မှု၊ စနစ်ကျနသော ကျမ်းလေ့လာမှုနှင့် ခေတ်ပြိုင်သမိုင်းများကို လေ့လာမှုမှသည် တစ်စစနှင့် ရုပ်လုံးပေါ်လာခဲ့လေသည်။

၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင်ပြုလုပ်သော (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက မြန်မာနိုင်ငံရှိ ရှေးဟောင်းပျူမြို့သုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။

**စာအုပ်ကို အော်ကျူး ဖုန်း-၀၉ ၅၁၇၆၉၃၆မှ တန်ဖိုးငွေကျပ် ၆၅၀၀ သတ်မှတ်ထားသည်။**

## ကြော်ငြာ

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်း၊ အမှတ်(B-5)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော Golden City ကွန်ဒိုအဆောက်အဦရှိ အခန်းအမှတ်(24-06)၊ (၂၄)လွှာ၊ အကျယ်အဝန်း(986.36 Sqft)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်ခင်စောနွဲ့[၁၂/ကတတ(နိုင်)၀၁၈၁၅၀]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)(၀၉-၂၅၀၆၈၅၇၁၇)**
**စွမ်းမဟာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**အမှတ်(၂၇၉)၊ သုမင်္ဂလာလမ်းမ၊ တတိယထပ်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၃၂၂၁၀၂၂၊ ၀၉-၇၇၇၇၂၀၁၆၆**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၄၈၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဦးခင်မောင်လေး( BT-၀၁၇၃၀၀)အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၄၈၃)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးဝင်းတင် [၁၂/ဗဟန(နိုင်)၀၅၁၇၁၁] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၎င်းတို့ထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) ဒေါ်စန္ဒာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၊ မြေကွက်အမှတ်(၅၅၈)၊ အကျယ်(၄၀ပေ x ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးစိုင်းသိန်းမောင်(NYHE-010506)၏ အမည်ဖြင့် မြေချပါမစ် အမည်ပေါက်ပါကြောင်း၊ လက်ရောက်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲခွင့်၊ ရောင်းချခွင့်ရှိကြောင်း၊ ပေါင်နှံ/ရောင်းချ/ပေးကမ်း/ စွန့်လွှတ်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း၊ ဂရန်သစ်လျှောက်ထားခြင်းတို့မရှိကြောင်း၊ ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသူ ပါမစ်အမည်ပေါက်ဖြစ်သည့် ဦးစိုင်းသိန်းမောင် ( NYHE- 010506) [၁၂/မဘန(နိုင်)၀၄၂၈၂၄]၊ အမှတ်- ၂၈၊ ခေမာသီလမ်း၊ မိချောင်းကန်အပိုင်း/၃-ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေသူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁) LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၁၉၇၇၉၃၂၊ Email: htarnwekhin92@gmail.com**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## မနှင်းဖြူ




စာရေးသူ မေတ္တာရှင်(ရွှေပြည်သာ) စီစဉ်ရေးသားသည့် မနှင်းဖြူစာအုပ် ထွက်ရှိလာသည်။

အင်ဖက်ဖြင့်ထုပ်ထားသော မျှင်ငပိကို ဒေါ်သန်းက ကလေးခုနှစ်ယောက်၏ ဇလုံခုနှစ်လုံးထဲသို့ အညီအမျှခွဲထည့်ပေးသည်။ ကျန်ကလေးများက ငါးပိတုံးဇလုံထဲရောက်သည်နှင့် ဇလုံထဲမှထမင်းကို ခေါင်းမဖော်တန်းကုန်း၍ လွေးကြတော့သည်။ သို့ဖြစ်ပါလျက် မနှင်းဖြူလေးသည် ထမင်းကို အခြားကလေးများကဲ့သို့ မစားသေးဘဲ မိခင်၏ထမင်းပန်းကန်ကိုသာ စူးစိုက်ကြည့်နေသည်မှာ အဘယ့်ကြောင့်နည်း။

ဗီဇခေတ်ခံအစကတည်းကပါလာသော သူတော်ကောင်းစိတ်ကြောင့်ပင် ဖြစ်သည်။ ထိုသူတော်ကောင်းစိတ်ကိုပင် နှလုံးသားလှခြင်းဟူ၍လည်းကောင်း၊ စိတ္တသတ္တိရှိခြင်းဟူ၍လည်းကောင်း၊ စိတ်ကောင်းရှိခြင်းဟူ၍လည်းကောင်း၊ အနာခံခြင်းဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်သုံးနှုန်းကြသည်။ အမှန်နှင့် အမှား ယှဉ်လာလျှင် ဆွေမျိုးစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ အဖွဲ့အစည်းစွဲမရှိဘဲ မှန်သည့်ဘက်မှ အသက်စွန့်ကာ ရပ်တည်ရဲခြင်း၊ အများအကျိုးနှင့် ကိုယ့်အကျိုးယှဉ်လာလျှင် အများအကျိုးကိုဦးစားပေးရဲခြင်းကိုပင် နှလုံးသားလှသူ၊ စိတ္တသတ္တိရှိသူ၊ စိတ်ကောင်းရှိသူ၊ အနာခံသူဟု ဆိုရပေသည်။

စိတ်ကောင်းမရှိလျှင် တတ်ထားသောပညာ၊ တတ်ထားသောရာထူးဌာနစွာဖြင့် လောကကိုဖျက်ဆီးတတ်သည်။ စိတ်ကောင်းရှိလျှင် ရထားသောပညာ၊ ရထားသောရာထူးဌာနစွာဖြင့် လောကကို ကျေးဇူးပြုတတ်သည်။ ထို့ကြောင့် ကလေးငယ်များကို ပညာတတ်ကြီးဖြစ်ဖို့၊ ရာထူးရာခံကြီးကြီးရဖို့ထက် စိတ်ကောင်းရှိသူဖြစ်အောင် ဦးစားပေး၍ သင်ပေးသင့်ပေသည်။

**စာအုပ်ကို ရွှေပြည်သာစာပေ၊ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂ နှင့် ၀၉ ၄၄၃၃၅၉၀၆၀ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဒွေးချိုးကဗျာ မင်္ဂလာနံနက်ခင်း




စာရေးသူ နေမင်းသန်း (မဲခေါင်စာပေဆုရ) စီစဉ်ရေးသားပြီး ပါမောက္ခဒေါက်တာဇော်ထွန်း အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် မြန်မာ + အင်္ဂလိပ် နှစ်ဘာသာဖြင့် ဒွေးချိုးကဗျာ မင်္ဂလာနံနက်ခင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် (က) ဘဝဒဿန ရသကဗျာစုတွင် ကာလသုံးပါးထဲကလူ၊ အရိပ်ရန်သူထင်၊ ခေါင်းဆောင်ကောင်း၊ အချောင်သမား၊ အမြင်မတူ၊ အသက်ရှည်ဆေး၊ ကျန်းမာခြင်းတန်ဖိုး၊ စေတနာနှင့် ဝေဒနာ၊ အတ္တလူမိုက်၊ အချစ်နှင့် မေတ္တာ၊ ချစ်သူနှင့် မုန်းသူ၊ ရေစုန်နှင့် ရေဆန်၊ လူတော်နှင့် လူလျှော်၊ လူတော်နှင့် လူကောင်း၊ မျိုးချစ်စိတ်ဓာတ်၊ ခြင်္သေ့စိတ်ဓာတ်၊ လွတ်လပ်ရေး၊ အချည်းနှီး၊ ပေါင်းစည်းမှု၊ အတုနှင့်အစစ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တန်ပြန်သက်ရောက်မှု၊ အတွင်းရန်စသည့်ကဗျာပုဒ်ရေ ၆၃ ပုဒ်၊ (ခ) နာယူမှတ်သား စာစကားကဗျာစုတွင် အစကောင်း၊ အမြင့်သို့၊ ကုသိုလ်နှင့်ငရဲ၊ အားကိုးရာ၊ ယုန်နှင့် လိပ်၊ အချည်းနှီးသာ၊ ကတိသစ္စာ၊ ရှေးထုံးနှင့် ဈေးသုံး၊ ကံနှင့် ဉာဏ်၊ စာကြည့်တိုက်နှင့် ထောင်၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ မမေ့ကောင်း၊ ယုန်ပညာရှိ၊ အမြင်နှင့် အထင်၊ ဆေးနှင့်ဘေး၊ ဟင်းကောင်းနှင့် မိတ်ကောင်း၊ မြန်မာ့စိတ်ဓာတ်၊ ကြင်စဦး၊ မျှော်လင့်ချက်၊ အမှန်တရားနှင့် အင်အား စသည့်ကဗျာပုဒ်ရေ ၆၃ ပုဒ် စုစုပေါင်းကဗျာပုဒ်ရေ ၁၈၉ ပုဒ်ကို ကဏ္ဍလေးမျိုးဖြင့် စာရှုသူများစိတ်ဝင်စားစေရန် ရေးသားဖော်ပြထားသည်။

**စာအုပ်ကို ချင်းတွင်းဂုဏ်ရည်စာပေ၊ အမှတ်(၁၂)၊ လမ်း(၂၀)၊ ချမ်းမြဝတီရပ် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၂၂၂၈၂၄၇မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ ၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်နှင့်သက်ဆိုင်သည့် တေးဂီတဖျော်ဖြေပွဲ(၂)ပွဲကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ သင်္ကြန်တေးသီချင်း ဖျော်ဖြေမှု Live Show အစီအစဉ်ကို (၇-၄-၂၀၂၃)ရက် (သောကြာနေ့)ညတွင် "ပိတောက်နဲ့အတူ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (၁၄-၄-၂၀၂၃)ရက် (သောကြာနေ့)ညတွင် "ပိတောက်လက်ဆောင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၇-၄-၂၀၂၃)ရက်နှင့် (၁၄-၄-၂၀၂၃)ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ ရိုက်ကူးထုတ်လွှင့်မည့် ပွဲစဉ်(၂)ပွဲအတွက် တေးသီချင်း(၂၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သင်္ကြန်ဝိဉာဉ် | ပြင်ပအဆိုရှင် |
| ၂။ | ရှာပုံတော်မင်းသားကြီး | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၃။ | ရေပက်ခံမယ် | ဌာနအဆိုရှင် |
| ၄။ | အိမ်မက်စေတမန် | ပြင်ပအဆိုရှင် |
| ၅။ | ပိတောက်နဲ့အတူ | ပြင်ပအဆိုရှင် |
| ၆။ | ညိုမြ | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၇။ | သင်္ကြန်မိုး | ပြင်ပအဆိုရှင် |
| ၈။ | ဆိုဆို ကက အားလုံးလှ | ပြင်ပအဆိုရှင် |
| ၉။ | ချမ်းပါတယ် | ပြင်ပအဆိုရှင် |
| ၁၀။ | ရှင်ထဲကမြို့မ | ပြင်ပအဆိုရှင် |
| ၁၁။ | နှစ်သစ်ချစ်ဦး | ပြင်ပအဆိုရှင် |
| ၁၂။ | မြူမှောင်ဝေကင်း | ပြင်ပအဆိုရှင် |
| ၁၃။ | သင်္ကြန်ကြိုချိန် | ဌာနအဆိုရှင် |
| ၁၄။ | မမကိုယ်တိုင်က | ပြင်ပအဆိုရှင် |
| ၁၅။ | အပြုံးလှိုင်လှိုင် တူပြိုင်ပြိုင် | ပြင်ပအဆိုရှင် |
| ၁၆။ | ပိတောက်လက်ဆောင် | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၁၇။ | ကောင်းသောနှစ် | ပြင်ပအဆိုရှင် |
| ၁၈။ | ဖိုးညိုမြ | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-1" အဆိုရှင် |
| ၁၉။ | သင်္ကြန်ဆိုတာ ဒီလိုဘဲ | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၂၀။ | မြို့အနံ့လည်မယ် | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၂၁။ | ချမ်းတုန်ချမ်း | ဌာနအဆိုရှင် |
| ၂၂။ | ရွှင်လန်းချမ်းမြေ့ပါစေ | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-1" အဆိုရှင် |

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## "ကျူးကျော်ဝင်ရောက်နေသူများနှင့် သက်ဆိုင်သူများ သိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈/က) ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၂၅၈/ခ)ဟုခေါ်တွင်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/က)၊ မြေကွက်အမှတ်(၂၅၈/ခ)၊ ဧရိယာ(၀.၀၂၇၅)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ နှစ်(၆၀)မြေငှားဂရန်မှာ ဒေါ်ချိုချိုမာ[၆/မအရ(နိုင်)၀၀၂၃၉၁]အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားပြီး၊ ယင်းမြေကွက်အား လက်ရှိလက်ရောက် ပိုင်ဆိုင်သူဖြစ်ပါသည်။

အဆိုပါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမာ၏ သဘောတူခွင့်ပြုချက်မရှိဘဲ နိုင်ငံအတွင်းဖြစ်ပွားနေသည့် ၂၀၁၉ ခုနှစ်၊ ကိုဗစ်ကာလအား အခွင့်ကောင်းယူ၍ အဆိုပါမြေကွက်အတွင်းသို့ ဝင်ရောက်နေထိုင်နေကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဝင်ရောက်နေထိုင်သူများ အနေဖြင့် ဤကြေညာစာပါသည့်နေ့ မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ချိုချိုမာ ပိုင်ဆိုင်သော မြေကွက်အတွင်းမှ အပြီးအပိုင် ဖယ်ရှားထွက်ခွာပေးရန် တောင်းဆိုလိုက်ပါသည်။ အထက်ပါ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ ရဲစခန်း၊ တရားရုံးတို့တွင် ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျူးကျော်နေထိုင်သူများနှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း (LL.B)** (စဉ်-၈၇၉၂) တရားလွှတ်တော်ရှေ့နေ
**ဒေါ်နှင်းဝေလွင်** စဉ်(၅၄၃၀၅) အထက်တန်းရှေ့နေ
**အမှတ်(၃၆)၊ မြေညီ၊ ၈၉ လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09 5088605, 09-5064959**

## (၂)ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက်သစ် ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုမန(၂)လမ်း၊ အမှတ်(၉၀၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆-၄)၊ မြေကွက်အမှတ်(၉၀၁)၊ လူနေရပ်ကွက်အမှတ်(၁၆/၄)၊ နှစ်(၆၀)မြေငှားဂရန် ဦးအေးချို[၁၂/သဃက(နိုင်)၁၃၇၅၈၁]၊ ဒေါ်အင်မီ [၁၂/သကတ(နိုင်)၀၁၂၅၅၅] အမည်ပေါက် ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ကို အခန်းပေး/အခန်းယူစနစ်ဖြင့် ကန်ထရိုက်တာ ဦးချမ်းအေးမောင်[၁၂/မဂတ(နိုင်)၀၀၃၄၁၉]၊ ဦးအေးစိုးဦး[၁၂/မဂတ(နိုင်)၀၂၀၈၉၆] တို့က အကျိုးတူပူးပေါင်း တိုက်သစ်ဆောက်လုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ (၂)ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက်သစ် ဆောက်လုပ်မည့်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြေညာစာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အထက်ပါ သတ်မှတ်ရက်ကျော်လွန်ပါက (၂)ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက်သစ် ဆောက်လုပ်ခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ (မြေရှင်)** — **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးချို**
**ဒေါ်အင်မီ**
**(ကန်ထရိုက်တာ)**
**ဦးချမ်းအေးမောင်**
**ဦးအေးစိုးဦး**

**ဒေါ်မာမာသိန်း (LL.B)** (စဉ်-၈၇၉၂) တရားလွှတ်တော်ရှေ့နေ
**ဒေါ်နှင်းဝေလွင်** (စဉ်-၅၄၃၀၅) အထက်တန်းရှေ့နေ
**အမှတ်(၃၆)၊ မြေညီ၊ ၈၉လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09 5088605, 09-5064959**

## မွေးသက္ကရာဇ်အမှန် ဖြစ်ပါကြောင်း

နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဇရပ်လှရွာ အဖ ဦးအေးရွှေ၏သမီး ဒေါ်သီတာချို[၇/ဇကန(နိုင်)၀၃၈၄၂၉] ၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၁၁-၁၉၇၉)ဖြစ်ပါသည်။

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## လင်ခန်းမယားခန်း ပြတ်စဲသွားပြီးဖြစ်ကြောင်း မထွေးထွေးစိုး (ခ) အာလိမဟ်ဖာသွေမဟ်ဘီ [၇/ဖမန(နိုင်)၂၅၉၄၃၃] နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုမျိုးမင်းစိုး (ခ) မော်လဝီဗရကာသွလ္လာဟ်[၁၄/အမန(နိုင်)၁၃၄၆၂၄]နှင့် မထွေးထွေးစိုး(ခ) အာလိမဟ်ဖာသွေမဟ်ဘီတို့သည် (၁-၂-၂၀၁၉)ရက်နေ့က အစ္စလာမ်တရားတော်အရ နေကာဟ်ပြုထိမ်းမြားခဲ့ကြပြီး သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ဇနီးဖြစ်သူ မထွေးထွေးစိုးသည် ခင်ပွန်းဖြစ်သူ၏ စကားကို နာခံခြင်းမရှိဘဲ ခင်ပွန်းနှင့်အတူနေထိုင်သည့်နေရာမှ ၎င်း၏မိဘများနေထိုင်ရာ ဖျာပုံမြို့သို့ မကြာခဏသွားရောက်နေသဖြင့် အဆင်မပြေဖြစ်ခဲ့ရာမှ ကျွန်ုပ်၏မိတ်ဆွေက ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ သွလာက် တစ်ကြိမ်ပေးပြီး ယနေ့တိုင် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းမရှိပါ။ ယင်းသို့ သွလာက်ပေးခဲ့ခြင်းအပေါ် မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်သို့ ဖမ္မသတ်(ဖသ်ဝါ)မေးမြန်းခဲ့ရာ အဆိုပါအဖွဲ့ချုပ်က (၃-၃-၂၀၂၃)ရက်စွဲဖြင့် ဖမ္မသတ်ပြန်ကြားချက်အရ သွလာကေဗာအင်န်အဖြစ်ရောက်ရှိကာ လင်ခန်းမယားခန်း ပြတ်စဲသွားပြီးဖြစ်ကြောင်းသိရပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ကိုမျိုးမင်းစိုး (ခ) မော်လဝီဗရကာသွလ္လာဟ်နှင့် မထွေးထွေးစိုး (ခ) အာလိမဟ်ဖာသွေမဟ်ဘီတို့သည် ယနေ့မှစ၍ လင်ခန်းမယားခန်း အပြီးအပြတ် ပြတ်စဲကာ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်မှုမရှိတော့ကြောင်း မထွေးထွေးစိုး (ခ) အာလိမဟ်ဖာသွေမဟ်ဘီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးမြင့်အောင် - LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈/၂၀၀၈)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၁၆၉၄၁၉ ၊ ၀၉ ၉၅၅၁၆၉၄၁၉**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု - ရန်ကုန်ပေါက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် - (၁၁၀ ခ၊ ဘုရားငုတ္တိုကွင်း)၊ ဦးပိုင်အမှတ် - ၁၇/၁၀၊ မြေမျိုးနှင့်အတန်း - RH၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ ဦးကျော်သိန်း [၁၂/တတန(ပြု)၀၀၀၁၃၂] အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့အား ရောင်းသူ ဦးကျော်သိန်း [၁၂/တတန (နိုင်)၀၀၀၁၃၂]** မှ လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁) လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ အယ်လ်၊ မြေကွက်အမှတ်- ၁၂၀ စီ/၁၁၊ ဧရိယာ(၀.၁၃၃)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၉)၊ ကုက္ကိုင်းရိပ်သာ လမ်းသွယ် (အတွင်းလမ်း)၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်နီလာမြင့် [၁၂/ဗဟန(နိုင်)၀၅၇၉၃၁]** အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင်မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## အများသိစေရန် ကြေညာခြင်း

**ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၂ ဝိုင်၊ မြေကွက်အမှတ်(၁၈၆)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(၈၅)၊ လှည်းတန်းလမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ၄ ½ ထပ် (ဟောင်ကောင်) တိုက်ရှိ အကျယ်အဝန်း (၁၂ပေ ၅လက်မ x ၅၀ ပေ)ရှိ ၄-လွှာ (ဟောင်ကောင် ၂ - စုံ) ယာဘက်ခြမ်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် **ဦးဖြိုးလှိုင်[၁၂/လမတ(ဧည့်)၀၀၁၀၈၁]**မှ အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဦးဖြိုးလှိုင်၏ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စိုးစိုးအေး (ခ) ရှုချွန်[၁၂/လမတ(နိုင်)၀၁၉၇၀၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်၊ Gonyi Residence ၏ Tower (B) (၈) ခန်းတွဲ (၁၄) ထပ်တိုက်အဆောက်အဦမှ ၁၀-လွှာ၊ အခန်းအမှတ် (B-1008)၊ (၁၉၆၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ/မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပေါင်အနှံ့အရှုပ်အရှင်းကင်းရှင်းကြောင်း နှင့် ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးဝေယံမောင်မောင် [၇/လပတ (နိုင်)၁၅၅၉၄၆] နှင့် ဒေါ်သီတာလင်း [၁/တနန(ပြု)၀၀၁၀၁၂)] တို့က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွဲ့လွဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၈၅၉၈၅၅၀၅**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

